ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ တနင်္လာနေ့ (18-2-2013) (၇၄၀၀)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား သံတမန်ဆက်သွယ်သည့် (၆၅)နှစ်မြောက် အထိမ်းအမှတ် သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၈

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်သည့် (၆၅)နှစ်မြောက်အထိမ်းအမှတ်အခါသမယ၌ နှစ်နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံခြားရေးဝန်ကြီးများအကြား ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၆၅)နှစ်မြောက် ရက်မြတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိမှလည်းကောင်း လှိုက်လှဲစွာဂုဏ်ယူပါကြောင်းနှင့် မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများအကြားတည်ရှိသည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်စေရန် ဆုမွန်ကောင်းများကို အဆွေတော်မှတစ်ဆင့် ပို့သဂုဏ်ပြုအပ်ပါသည်။

လွန်ခဲ့သည့် (၆၅)နှစ်အတွင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့ချိန်မှစတင်၍ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများ ရှင်သန်ဖြစ်ထွန်းလျက်ရှိပြီး ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမှာလည်း တိုးတက်ခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ပေးပို့သည့် သဝဏ်လွှာ

မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် (၆၅)နှစ်မြောက် အခါသမယအတွက် မိမိ၏ လှိုက်လှဲစွာ ဂုဏ်ပြုမှုကို လက်ခံစေလိုပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်း မိမိတို့ နှစ်နိုင်ငံသည် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုအတွေ့အကြုံများစွာကို ရရှိခဲ့ပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံကာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကျယ်ပြန့်တိုးပွားလာစေရေးကိုဦးတည်ကာ တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ကိုင်သွားကြမည်ဟု ယုံကြည်ပါသည်။

အဆွေတော် အောင်မြင်၍ ကျန်းမာပျော်ရွှင်စေရန်နှင့် ဖော်ရွေပျူငှာသော မြန်မာပြည်သူများ ကျန်းမာပြီး တိုးတက်ကြီးပွားစေရန် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေး အရေးကြီး

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်အောင် အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအထိ တတ်မြောက်အောင် ပံ့ပိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဟားခါးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မိမိနှင့်အတူလိုက်ပါသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်သို့ မိမိလာရောက်ခဲ့ခြင်းမှာ ဒေသခံတိုင်းရင်းသားများနှင့် ထိတွေ့ဆက်ဆံပြီး ဒေသအတွက် လိုအပ်ချက်များကိုသိရှိကာ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ မတူပီမြို့နယ်နှင့် ရေဇွာမြို့နယ်ခွဲတို့မှ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် | ၁၈-၂-၂၀၁၃၊ တနင်္လာနေ့

အရှည်မြော်တွေး ပြည်သူ့အရေး

"ကံ-စိတ်-ဥတု-အာဟာရ"မျှတမှ အသက်ရှည်ကျန်းမာ ကြံ့ခိုင်မည်ကို မြန်မာ့တိုင်းရင်းဆေးအလိုအားဖြင့်လည်းကောင်း၊ ဘုရားဟောဒေသနာအားဖြင့်လည်းကောင်း မှတ်သားဖူးပြီးဖြစ်မည်။

ကံနှင့်စိတ်ဟူသည် လူတစ်ဦးအတွက် အရေးပါသည့်အချက်ဖြစ်သကဲ့သို့ ဥတုနှင့်အာဟာရသည် လူသားအားလုံးအတွက် မျှတကောင်းမွန်ရမည့် လိုအပ်ချက်ဖြစ်ပါသည်။

ထိုဥတုနှင့်အာဟာရတွင် အာဟာရသည် လူသားများ သူ့အတိုင်းအတာ သူ့အလျောက် သုံးဆောင်သလောက် ခံစားရနိုင်ပြီး ဥတုမှာမူ လက်ရှိဖြစ်ပေါ်နေမှု အခြေအနေအရ လူသားအားလုံး တစ်ပြေးညီခံစားကြရပါသည်။

"ဥတုရာသီ တောကိုမှီ"ဆိုသကဲ့သို့ တောတောင်များ စိမ်းလန်းစိုပြည်မှသာ ဥတုရာသီကောင်းမွန်မည်ဖြစ်ပါသည်။ ဥတုရာသီကောင်းမွန်မှသာ လူသားများအားလုံး စိတ်လက်ချမ်းသာ ကျန်းမာနိုင်မည်ဖြစ်ပါသည်။

တောတောင်သစ်ပင်များမှာ အဦးမွန်အစ လူတို့နေထိုင်စက စိမ်းလန်းစိုပြည် ဝေဝေဆာဆာရှိခဲ့မည်ကို လူသားအားလုံးအသိဖြစ်မည်။ အချိန်ကာလ ရွေ့လျောလာသည်နှင့်အမျှ လူတို့မဆင်မခြင် ခုတ်ထွင်မှုကြောင့် သစ်တောသစ်ပင်များ တစ်စတစ်စလျော့နည်းလာခြင်း ဖြစ်ပါသည်။

သစ်သည် လူတို့နေထိုင်မှုနှင့် စီးပွားဝင်ငွေတိုးပွားမှုအတွက် အရေးပါသော လိုအပ်ချက်ဖြစ်သော်လည်း လိုသလောက် မဆင်မခြင်ခုတ်ထွင်ခဲ့သောကြောင့် မျက်မှောက်ကာလတွင် ကွင်းပြင်ထီးထီး ပြောင်တလင်းချည်း ဖြစ်နေသည်မှာ မျက်မြင်ထင်ရှားဖြစ်သည်။

မည်မျှအထိ ပြောင်တလင်းကြီးဖြစ်နေသည်ကို မျက်မြင်ကာလ သာဓကအဖြစ် ကြည့်မည်ဆိုလျှင် ရန်ကုန်-မန္တလေး မိုင်လေးရာခန့်အကွာ အဝေးရှိသည့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းဘေးဝဲယာ တစ်လျှောက်လုံးကို လှမ်းမျှော်ကြည့်မည်ဆိုလျှင် သိသာထင်ရှားစွာတွေ့ရမည်ဖြစ်သည်။

အမှန်တွင် အဆိုပါခရီးလမ်းတစ်လျှောက်မှာ ရိုးမကိုဖြတ်သန်းရသည့် လွင်ပြင်ခရီးလမ်းဖြစ်ပြီး တစ်ချိန်က သစ်ကြီးဝါးကြီးများမရှိဟု ဆိုလျှင် မှားမည်ထင်ပါသည်။ ထိုမျှမိုင်ပေါင်းရာချီရှည်လျားသော ခရီးလမ်းတွင် သစ်ကြီးဝါးကြီးများ ရှိခဲ့မည်မှာ အမှန်ဖြစ်သည်။

လူတို့ကြောင့်ဆိုသော၊ သစ်တောနှင့်ဆိုင်သည်ဆိုသော သူတို့၏ မဆင်မခြင် ခုတ်ထွင်ခဲ့မှုကြောင့်သာ မိုင်လေးရာခန့်ရှိ ခရီးလမ်းတွင် ခိုနားစရာအရိပ်ဟူ၍ တစ်နေရာစာမျှ မရှိလောက်အောင် ပြောင်တလင်းခါအောင်ဖြစ်ခဲ့ရသည်မှာ ဝမ်းနည်းစရာဖြစ်သည်။

အခြားနေရာများတွင်လည်း ဤသို့ဖြစ်သည်။ သစ်တောကြိုးဝိုင်းနှင့် ထိန်းသိမ်းနယ်မြေများမှအပ ကျန်နေရာများအားလုံးမှာ တောတောင်ဂတုံးအပြောင်တုံးလို့နေချေပြီ။ သို့ဖြင့် တောကိုမှီသည့် ဥတုလည်း ပျက်တော့သည်။ တစ်နေ့ထက်တစ်နေ့ တစ်နှစ်ထက်ပိုပို ပူပြင်းလာခြင်းသည် ယခင်လူတို့ ခုတ်ခဲ့သည့် အမွေကို နောင်းလူတို့ ခံစားနေရခြင်းဖြစ်သည်။

သို့သော် မိမိတို့မှာ ပူသည်ကို ပူသည်သာအော်နေတတ်ပြီး ရေရှည်အတွက် မြော်တွေးပြီးဆောင်ရွက်နိုင်မှုမှာ အားနည်းလှသည်။ တစ်ချိန်သောကာလက လူတို့သည်လည်း မိမိတို့အဆင်ပြေစေ၊ စီးပွားဥစ္စာတိုးပွားစေခြင်း အကြောင်းတစ်မျိုးသာကြည့်ပြီး ရေရှည်မမြော်တွေးခဲ့၊ မြော်တွေးရန်လည်း စိတ်မကူးခဲ့သဖြင့် ယခုကဲ့သို့ ဥတုဖောက်ပြန်သည့်ဒဏ်ကို ခံကြရသည်။

အိမ်နီးချင်းနိုင်ငံများတွင် ယခင်ကလည်း ဤသို့မဟုတ်၊ ယခုလည်း ဤသို့မဟုတ်ပါ။ ၎င်းတို့နိုင်ငံ ရေ၊ မြေသဘာဝ၊ ဥတုအတွက် အရှည်မြော်တွေး၍ ထိန်းသိမ်းစောင့်ရှောက်ကြကာ အခြားနိုင်ငံတို့မှသာ ရသလောက် သစ်ဝါးတို့ကို ဝယ်ယူကြပါသည်။

ထိုအချက်ကို သတိမမူဘဲ ငွေရလျှင်ပြီးစတမ်းဖြင့် အရှည်မမြော်တွေးလျှင် နောင်အခါတွင် ဥတုပိုမို ဖောက်ပြန်၍ နိုင်ငံသားပြည်သူများသာ ခံစားရမည့်အရေးကို အလေးအနက်ထားကြရမည်။ သစ်တောသစ်ပင်များကို ခုတ်လှဲခြင်းမပြုဘဲ အားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြကာ သစ်ပင်ကို ချစ်ခင်ကြရမည်ဖြစ်ပါသည်။ ။

အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့်ဆေးပညာရပ်များကို အမီလိုက်နိုင်ရန် ပုံမှန်ညီလာခံများကျင်းပနိုင်အောင် ကြိုးစားဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မေ့ဆေးပညာစဉ်ဆက်မပြတ် တိုးတက်စေရန်နှင့် ပြည်တွင်း ပြည်ပမှ မေ့ဆေးဆရာဝန်များ ချစ်ကြည်ရင်းနှီးစွာ တိုးတက်နေသည့် မေ့ဆေးပညာအတွေ့အကြုံများဖလှယ်ခြင်း၊ ဖြန့်ဖြူးခြင်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံမေ့ဆေးဆရာဝန်များ ညီလာခံကို ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် နိုင်ငံတော်မှ ဆေးရုံများကို တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် အထူးကုဆရာဝန်ကြီးများအား တိုးချဲ့ခန့်ထားပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အတွက် မေ့ဆေးဆရာဝန်များ လိုအပ်နေသည်ကို အားလုံးအသိဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ မြို့ကြီးတိုင်းတွင် မေ့ဆေးဆရာဝန် မထားနိုင်သေးကြောင်း၊ မေ့ဆေးဆရာဝန်များ အရေအတွက်အားဖြင့် အလုံအလောက်လေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်သကဲ့သို့ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် ပြည်တွင်း ပြည်ပသင်တန်းများ၊ လေ့လာရေးခရီးများ၊ နိုင်ငံတကာဆွေးနွေးပွဲများ၊ ညီလာခံများကို တက်ရောက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်စေလွှတ်ပေးနေသည့်အပြင် မိမိတို့အစီအစဉ်များဖြင့် သွားရောက်လိုသူများကိုလည်း ခွင့်ပြုပေးနေကြောင်း။

နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ စီစဉ်ခွင့်ပြုပေးနေသကဲ့သို့ မေ့ဆေးဆရာဝန်များအနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် မိမိတို့တတ်စွမ်းသမျှ အလုပ်အကျွေးပြုကြရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် Chatrium Hotel၌ ကျင်းပသည့် မြန်မာနိုင်ငံဆရာဝန်အသင်း မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်အဖွဲ့၏ ဒသမအကြိမ် မေ့ဆေးဆရာဝန်များ ညီလာခံ ဖွင့်ပွဲအခမ်းအနား၌ တိုက်တွန်းမှာကြားသည်။

ထို့အပြင် မေ့ဆေးပညာရပ် အပါအဝင် ဆေးပညာရပ်နယ်ပယ် အသီးသီးတွင် အချိန်နှင့်အမျှတိုးတက်ပြောင်းလဲနေကြောင်း၊ တိုးတက်ပြောင်းလဲမှုများကို အမီလိုက်နိုင်ရန် ပုံမှန်ညီလာခံများကျင်းပနိုင်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ယခုကဲ့သို့ ပွင့်လင်းလာသည့် ခေတ်အခြေအနေတွင် မြန်မာနိုင်ငံဆေးပညာ အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းကူညီချင်သူများ အများကြီးရှိနေကြောင်း၊ ရလာသည့်အခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်ရယူနိုင်ရန် အရေးကြီးကြောင်း၊ မေ့ဆေးပညာ တိုးတက်ရေးအတွက် အသိပညာများဖလှယ်ကြပါ၊ အကြံကောင်း ဉာဏ်ကောင်းများပေးကြပါ၊ လုပ်ငန်းပိုမိုတိုးတက်အောင်မြင်မည့် နည်းလမ်းကောင်းများ ပေါ်ထွက်လာအောင် ဆွေးနွေးညှိနှိုင်း ဖော်ထုတ်ပေးကြပါ၊ ဆွေးနွေးညှိနှိုင်းဖော်ထုတ်ချက်များအရ လက်ရှိဖြစ်ပေါ်နေသော အားနည်းချက်များကို နည်းသမျှနည်းအောင် ဆောင်ရွက်ပေးကြပါ၊ မေ့ဆေးပညာရပ်ကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်ပေးကြပါဟုလည်း တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌပါမောက္ခဒေါက်တာ ကျော်မြင့်နိုင်၊ မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာတင်မြင့်နှင့် မေ့ဆေးဆရာဝန်များညီလာခံ ကြိုဆိုနေရာချထားရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ သိင်္ဂီတို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမ(၁)၌ ပြသထားသော ဆေးနှင့်ဆေးပစ္စည်းအရောင်းပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောရေိယာအတွင်းမှ ကျွန်း၊ အင်၊ အခြားသစ်ခွဲသားများ ဖမ်းဆီးရမိ

အင်းတော် ဖေဖော်ဝါရီ ၁၇

သစ်တောဧရိယာကြိုးဝိုင်းနှင့် အပတောများအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တရားမဝင် သစ်ထုတ်လုပ်မှုလျော့နည်းပပျောက်ရေးစီမံချက်အရ သစ်တောဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာဒေသအုပ်စုအတွင်းရှိ ကြိုးဝိုင်းနှင့်အပတောများတွင် ကျွန်းသစ်လုံးနှင့်ခွဲသား၊ အင်၊ ကညင်သစ်ခွဲသားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ အင်းတော်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးလင်းအောင် ခေါင်းဆောင်ပြီး မြို့နယ်သစ်တောဝန်ထမ်းများ ပါဝင်သော အဖွဲ့မှ အင်းတော်မြို့နယ် မဲဇာဒေသ အတွင်းရှိ လောင်စုကျေးရွာ၊ ထန်းတောကျေးရွာ၊ လက်ပံတန်းကျေးရွာ၊ ကျောက်အိုးကျေးရွာ၊ ပါအော့ကျေးရွာ၊ နတ်ရေတွင်းကျေးရွာများနှင့်ဆက်စပ်လျက်ရှိသော သစ်တောဧရိယာ တပ်လွင်ကြိုးဝိုင်းနှင့် ပြင်တဲအပတောများအတွင်း စီမံချက်အရ ကွင်းဆင်းစစ်ဆေးရာ ကျွန်းသစ်ခွဲသားနှင့် အင်၊ ကညင်သစ်ခွဲသား စုစုပေါင်း ၃၈ ဒသမ ၂၂၅၄ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။**(ဓါတ်ပုံ)**

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိသူများက ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ပိုင်ရှင်များကို ဆက်လက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

နီတိုး (မော်လူး)

အကောင်းဆုံးအရည်အသွေး (EXPORT QUALITY)၊ ဆိုဒ်ပြည့်၊ ရွက်ပြည့်၊ အချိုသာဆုံးသောဈေးနှုန်း၊ သေသပ်လှပသောထုပ်ပိုးမှုစနစ်

APOLO®
exercise book
note book
This is Your Brilliant Future !

Special Promotion 25% Discount

ကျောင်းသုံး၊ ရုံးသုံး၊ လုပ်ငန်းသုံး ဗလာစာအုပ်မျိုးမျိုးကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ချိပေးနေပါသည်။
No.3 (C1&2), Ward (9), U Tun Nyo Street, Hlaing Thar Yar Industrial Zone (6), Yangon.
95 1 687 736~39, 684 284, 684 292 Fax : 95 1 687 728
sales-marketing@decolandgroup.com

☆ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ

မြန်မာ-ရုရှားဆက်ဆံရေး ဆက်လက်တိုးတက်စေရေးသည် နှစ်နိုင်ငံပြည်သူများ၏ အခြေခံအကျိုးစီးပွားဖြစ်ပြီး မြန်မာနိုင်ငံသည် နှစ်နိုင်ငံအကြားတွင်ရှိသော ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထား ထိန်းသိမ်းပါသည်။ ရုရှားပြည်သူများမှ မြန်မာနိုင်ငံအပေါ် တစိုက်မတ်မတ်ကူညီပေးနေမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းလည်း အလေးအနက်ထား ပြောကြားလိုပါသည်။ လာမည့်နှစ်များအတွင်း မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့ နှစ်နိုင်ငံနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော ပူးပေါင်းဆောင်ရွက်မှုများမှာ ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဟု ယုံကြည်ပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်း ရုရှားနိုင်ငံသည် အောင်မြင်မှုများစွာ ဆက်တိုက်ရရှိခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ဤအောင်မြင်မှုသည် ရုရှားအစိုးရနှင့် ရုရှားပြည်သူတို့၏ တက်ကြွသော ကြိုးပမ်းအားထုတ်မှုများ၏ ပြယုဂ်ပင်ဖြစ်ပါသည်။ စွမ်းဆောင်ရည်ပြည့်ဝသော ရုရှားခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် ရုရှားပြည်သူများ၏ တက်ကြွသောကြိုးပမ်းအားထုတ်မှုများကြောင့် ရုရှားနိုင်ငံမှာ အမြင့်ဆုံးသောအောင်မြင်မှုများ ဆက်လက်ရရှိမည်ကိုလည်း အလေးအနက်ယုံကြည်ပါသည်။

ဤရက်မြတ်အခါသမယတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သာယာဝပြောစေကြောင်းနှင့် ရုရှားပြည်သူများ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလပ်ဗ်ရော့ဗ်ထံသို့ပေးပို့သည့် သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၆၅)နှစ်မြောက် ရက်မြတ်အခါသမယကို လှိုက်လှဲစွာ ဂုဏ်ယူပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုကို အခွန့်ရှည်တည်တံ့ခိုင်မြဲစေကြောင်း ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

နှစ်နိုင်ငံအကြား အစဉ်အလာရှိသောချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် နားလည်မှုများသည် မိမိတို့နှစ်ဖက် ကြိုးပမ်းအားထုတ်မှုများကြောင့် ရှေ့လာမည့် နှစ်များစွာတွင် ပိုမိုခိုင်မာလာမည်ဟုလည်း ယုံကြည်ပါသည်။

အဆွေတော်၏ မကြာသေးမီက နေပြည်တော်သို့လာရောက်ခဲ့သော ခရီးစဉ်သည်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရန်အတွက် အရေးပါသည်ကို အမှတ်ရစေပါသည်။ နှစ်နိုင်ငံဆက်ဆံရေးတွင်သာမက နိုင်ငံတကာနယ်ပယ်တွင်ပါ ပူးပေါင်းဆောင်ရွက်မှုများကို အဆွေတော်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါသည်။

ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားရန်မှာ မြန်မာနိုင်ငံ၏ ခိုင်မာသော နိုင်ငံရေးဆုံးဖြတ်ချက်တစ်ခုဖြစ်ကြောင်းကိုလည်း အလေးထား ဖော်ပြလိုပါသည်။ နှစ်နိုင်ငံအကြား အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံကာ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ မျက်နှာစာများတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမှာ လာမည့်နှစ်များအတွင်း အမြင့်ဆုံးသို့ ဆက်လက်တိုးတက်နိုင်စေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလပ်ဗ်ရော့ဗ်ထံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ပေးပို့သည့် သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၆၅)နှစ်မြောက် အခါသမယအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။

ဖော်ရွေပျူငှာသော မြန်မာပြည်သူများနှင့် မိမိတို့ဆက်ဆံရေးသည် အပြန်အလှန် နားလည်မှု၊ ယုံကြည်မှုတို့အပေါ် အခြေခံပြီး အပြုသဘောဆောင်သည့် လက္ခဏာရှိကာ နိုင်ငံရေးအပြောင်းအလဲများကြောင့် အတက်အကျမရှိသော ဆက်ဆံရေး ဖြစ်ပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များစွာအတွင်း နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ စစ်ရေးဆိုင်ရာ နည်းပညာနှင့် အခြားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများတွင်ရရှိခဲ့သည့် ပြည့်ဝသော အတွေ့အကြုံသည် လာမည့်နှစ်များစွာအတွင်း နှစ်နိုင်ငံစီမံကိန်းများ အောင်မြင်စွာဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ခိုင်မာသောအခြေခံကောင်းဖြစ်ပါသည်။ မိမိတို့နှစ်နိုင်ငံသည် ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသော အရေးကြီးပြဿနာများတွင် တူညီသောရပ်တည်ချက်များဖြင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများကို ကျေနပ်အားရမှုရှိပါသည်။

နေပြည်တော်နှင့် မော်စကိုမြို့တို့၌ ကျင်းပခဲ့သော ဆွေးနွေးပွဲများတွင် နွေးထွေးသောဆက်ဆံမှုကို ပြန်လည်အမှတ်ရမိပြီး နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပုံမှန်ဆက်ဆံရေးများ တိုးတက်လာမည်ဟု ယုံကြည်ပါသည်။

အဆွေတော်ဝန်ကြီး ကျန်းမာချမ်းသာ၍ အောင်မြင်မှုများရရှိစေရန် ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်။

(၂၇)ကြိမ်မြောက် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေရန် မြန်မာ့ရိုးရာဆိုင်းဝိုင်းနှင့် ဆိုင်းပညာရှင်များ ဖိတ်ခေါ်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားဖျော်ဖြေရေး အစီအစဉ်များတွင် မြန်မာ့ကျက်သရေဆောင်မြန်မာ့ရိုးရာဆိုင်းဝိုင်းကြီး ၁၁ ဝိုင်း ထည့်သွင်းဖျော်ဖြေမှု မြန်မာ့ယဉ်ကျေးမှု၏ ခမ်းနားထည်ဝါမှုကို ဖော်ဆောင်မည်ဖြစ်သဖြင့် စိတ်ဝင်စား၍ ကိုယ်တိုင်ဆန္ဒပြုသူ (Volunteer) ဆိုင်းပညာရှင်အဖွဲ့များသည် မြန်မာ့အစဉ်အလာအနုပညာကို ချစ်မြတ်နိုးသောစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်လိုပါက (ကျား/မ) မရွေး၊ အသက်အရွယ်အကန့်အသတ်မရှိ လျှောက်ထားနိုင်သည်။ ဆိုင်းဝိုင်းတစ်ဝိုင်းတွင် မြန်မာ့ရိုးရာဆိုင်းဝိုင်းအပြည့်အစုံနှင့် ဆိုင်းပညာရှင်ရှစ်ဦးထက်မပိုဘဲ ပါဝင်တီးခတ်နိုင်ရမည်။ တာဝန်ပေးရွေးချယ်ခံရပါက ပွဲကြိုကာလ (တစ်ပတ်ခန့်)နှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်ကာလအတွင်း ဝတ်စုံနှင့် စားသောက်ရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး အစီအစဉ်များ ပံ့ပိုးဆောင်ရွက်ပေးမည်။ လျှောက်ထားသူ ဝိုင်းခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံ သုံးပုံစီ၊ ကိုယ်ရေးမှတ်တမ်းများနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံကို ဖော်ပြပြီး လျှောက်ထားရမည်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံး၏ ပံ့ပိုးထောက်ခံချက် ပါရှိရမည်။ လျှောက်ထားမှုကို ဧပြီ ၃၀ ရက်နောက်ဆုံးထားပြီး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီရုံး ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၄၅၄၊ ၀၆၇-၄၀၈၀၃၅၊ ရန်ကုန် (ဇာတ်ရုံ)ဖုန်း-၀၁-၃၉၅၁၅၇၊ မန္တလေး (ဇာတ်ရုံ)ဖုန်း-၀၂-၆၁၁၆၈ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှုသင်တန်း ဂုဏ်ပြုပွဲ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ ဝဲကြီးပရိယတ္တိစာသင်တိုက်၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက်က ဗုဒ္ဓဓမ္မယဉ်ကျေးမှုသင်တန်းဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် အမှတ်(၁၁၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ ခရိုင်ပညာရေးမှူး ဦးမြင့်ဦး(ငြိမ်း)နှင့် ပုဗ္ဗသီရိမြို့နယ် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်ဌေးတို့က ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ယဉ်ကျေးမှုသင်တန်းတွင် ဖြေဆိုသူဦးရေမှာ ၁၃၂ ဦးဖြစ်ပြီး ရေးဖြေ ၇၆ ဦး၊ နှုတ်ဖြေ ၄၀ စုစုပေါင်းအောင်မြင်သူ ၁၁၆ ဦးဟု သိရသည်။ **(ကြေးမုံ)**

ပြည်ထောင်စုနေ့ ဂုဏ်ပြုလမ်းဖွင့်

ရမ်းဗြဲ ဖေဖော်ဝါရီ ၁၇

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော (ဦးစိန္တာ)လမ်း ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဦးပုတ်နှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးထွန်းခင်တို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **(အောင်လှဖြူ)**

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၇ - ၂ - ၂၀၁၃

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ (ကျပ်)	၈၅၉. ၀၀၀	၀. ၀၀၁၁၆
ထိုင်း (ဘတ်)	၂၉. ၈၅၉၉	၀. ၀၃၃၄၉
တရုတ် (ယွမ်)	၆. ၂၃၁၀၀	၀. ၁၆၀၄၉
အိန္ဒိယ(ရူပီး)	၅၄. ၃၁၈၀	၀. ၀၁၈၄၁
မလေးရှား (ရင်းဂစ်)	၃. ၀၉၃၂၀	၀. ၃၂၃၂၉
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၇၂၀	၀. ၈၀၈၂၈
ဂျပန် (ယန်း)	၉၃. ၅၀၅၀	၀. ၀၁၀၆၉
တောင်ကိုရီးယား(ဝမ်)	၁၀၇၈. ၈၅	၀. ၀၀၀၉၃
ယူရို	၀. ၇၄၈၂၅	၁. ၃၃၆၄၅
ဗြိတိသျှ (ပေါင်)	၀. ၆၄၄၅၀	၁. ၅၅၁၆၀

PYIN OO LWIN GOLD CUP - 55th Anniversary. April, 2013 MAGAZINE အတွက်စာမူများဖိတ်ခေါ်ခြင်း

Pyin Oo Lwin Golf Club
Since 1896
Gold Cup

၁၉၅၈ ခုနှစ်မှစတင်တည်ထောင်ခဲ့သည့် ပြင်ဦးလွင်ဂေါက်ကလပ်၏(၅၅)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား (GOLD CUP) ဂေါက်သီး ရိုက်ပြိုင်ပွဲကြီးကို မြန်မာ တစ်နိုင်ငံလုံးမှ ဂေါက်သီးရိုက် ဝါသနာရှင်များအား ဖိတ်ခေါ်၍ ၂၀၁၃ ခုနှစ်၊ ဧပြီလ(သင်္ကြန်ကာလ) အတွင်း စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ဂေါက်သီးရိုက်ပြိုင်ပွဲအထိမ်းအမှတ် မဂ္ဂဇင်းစာအုပ်အား (၁၀. ၄. ၂၀၁၃) ရက်နေ့အပြီး ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ပြင်ဦးလွင် ဂေါက်ကွင်းနှင့်ပတ်သက်သည့် သမိုင်းဝင် ဓါတ်ပုံများ၊ စာမူ (ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း) များအပြင် ပြင်ဦးလွင်မြို့နှင့် ပတ်သက်၍ ထင်ရှားအောင်မြင် နေကြသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများမှ စီးပွားရေးကြော်ငြာများအား (၁၅. ၃. ၂၀၁၃) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာ အတိုင်းဆက်သွယ်ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဗိုလ်မှူးစိုင်းဝင်းဟန် (ငြိမ်း)၊ ပြင်ဦးလွင်ဂေါက်မဂ္ဂဇင်း ပုံနှိပ်ထုတ်ဝေရေး ကော်မတီ၊ ဖုန်း - ၀၈၅-၂၂၃၈၂၊ ၀၈၅-၂၂၆၁၄၊ ၀၉-၂၀၄၄၁၆၄
ဦးအေးကျော်ဝင်း၊ Seven Color Printing Services ၊ဖုန်း -၀၁ ၂၉၁၀၀၈၆၊ ၀၁- ၂၉၃၇၉၅၊ E.mail: sevencolorpress@gmail.com

နိုင်ငံတကာသတင်း

လက်ဘနွန်နိုင်ငံတွင် ဆီးရီးယားဒုက္ခသည် ၂၇၃၀၀၀ ကျော် ခိုလှုံလျက်ရှိ

ဘေရွတ် ဖေဖော်ဝါရီ ၁၇

လက်ဘနွန်နိုင်ငံတွင် ဆီးရီးယားဒုက္ခသည် ၂၈၃၀၀၀ ထက်မနည်း လတ်တလော ခိုလှုံလျက်ရှိကြောင်း၊ ယင်းဒုက္ခသည်များအား ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းအချို့နှင့် လက်ဘနွန်အစိုးရက ကူညီထောက်ပံ့မှုပေးနေကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါဒုက္ခသည်များအနက် ၁၈၅၀၀၀ မှာ တရားဝင်မှတ်ပုံတင်စာရင်းဝင်ဖြစ်ပြီး မကြာမီတွင် ၉၈၀၀၀ ဦး စာရင်းသွင်းနိုင်ရန် စောင့်ဆိုင်းလျက်ရှိကြောင်း၊ လာမည့် ရက်သတ္တပတ်အတွင်း ဒုက္ခသည် ၁၀၀၀၀ ကျော် စာရင်းသွင်းမှတ်ပုံတင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

လက်ဘနွန်မြောက်ပိုင်းတွင် ဆီးရီးယားဒုက္ခသည် ၈၇၈၈၇ ဦး၊ ဘီကာတောင်ကြားအရှေ့ပိုင်းတွင် ၇၁၂၉၁ဦးနှင့် ဘေရွတ်နှင့် လက်ဘနွန်တောင်ပိုင်းတွင် ၂၅၈၂၂ ဦး ခိုလှုံလျက်ရှိသည်။ **ဆင်ဟွာ။**

လက်ဘနွန်နိုင်ငံအတွင်း၌ ဝင်ရောက်ခိုလှုံနေကြသော ဆီးရီးယားဒုက္ခသည်များအား တွေ့ရစဉ်။

ဩစတြေးလျအထက်လွှတ်တော်အမတ် မလေးရှား၌ ထိန်းသိမ်းခံရ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၇

မလေးရှားအာဏာပိုင်များက ၎င်းကိုလုံခြုံရေးပြဿနာတစ်ခုအဖြစ် သဘောထားသဖြင့် မလေးရှားနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြစ်ကြောင်း ယင်းနိုင်ငံသို့ အချက်အလက်ရှာဖွေရန်သွားရောက်သည့် ဩစတြေးလျ အထက်လွှတ်တော်အမတ်က ပြောကြားသည်။

အထက်လွှတ်တော်အမတ် နစ်ဇီနိုဖွန်သည် မလေးရှား တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဇွန်လတွင်ကျင်းပမည့် ရွေးကောက်ပွဲရေးရာများ ဆွေးနွေးရန် ကွာလာလမ်ပူလေဆိပ်သို့ စနေနေ့၌ရောက်ရှိစဉ် ဖမ်းဆီးခြင်းခံရသည်။

ယမန်နှစ်က ကွာလာလမ်ပူ၌ ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့်အတွက် အထက်လွှတ်တော်အမတ်ကို ဩစတြေးလျသို့ ပြန်ပို့မည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေး အရာရှိများက ပြောသည်။

ဇီနိုဖွန်သည် မလေးရှားနိုင်ငံအတွင်းမှ လူ့အခွင့်အရေးများကို ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောကြားခဲ့သည်။

ဇွန်လတွင်ကျင်းပမည့် မလေးရှားနိုင်ငံ၏ ရွေးကောက်ပွဲတွင် မသမာမှုများ၊ အလွဲသုံးစားမှုများ ရှိနိုင်သည့်အတွက် စိုးရိမ်မိကြောင်း အကြိမ်ကြိမ်ပြောကြားခဲ့သည်ဟု ဇီနိုဖွန်က ဘီဘီစီသို့ ပြောကြားခဲ့သည်။

၎င်းရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုရှိ မရှိ ဩစတြေးလျ ပါလီမန်၏ အချက်အလက်ရှာဖွေရေး တာဝန်ဖြင့် ကွာလာလမ်ပူသို့ ဇီနိုဖွန်ရောက်ရှိလာခြင်းဖြစ်သည်။ **ဘီဘီစီ။**

ပါကစ္စတန်အနောက်တောင်ပိုင်းတွင် ဗုံးပေါက်ကွဲ၊ ၇၉ ဦးသေဆုံး ၁၈၀ ဒဏ်ရာရ

ကွတ်တာ ဖေဖော်ဝါရီ ၁၇

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ လူစည်ကားရာ ဈေးတစ်ဈေးတွင် ဗုံးပေါက်ကွဲကြောင်း၊ ရှီးယိုက်များအား ပစ်မှတ်ထား၍ ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများ၊ ကလေးများအပါအဝင် လူ ၇၉ ဦးသေဆုံးပြီး ၁၈၀ ခန့်ဒဏ်ရာရရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

ဗုံးပေါက်ကွဲမှုပြင်းထန်သဖြင့် ကွတ်တာမြို့ဆင်ခြေဖုံးရှိ ရှီးယိုက်များ လွှမ်းမိုးချုပ်ကိုင်ထားသော ဟာဇာရာ ဈေးအနီးရှိ ရေသယ်ကားကြီးပျက်စီးသွားကြောင်း၊ ကွတ်တာမြို့သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝသော ဘလူချီစတန်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခန့်က အဆိုပါဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များကပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော အဆောက်အအုံအောက်တွင် ပိတ်မိနေသောအလောင်းများအား ရှာဖွေ၍ဆွဲထုတ်နေရသဖြင့် သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်ကြောင်း ကွတ်တာမြို့ရှိ ရဲတပ်ဖွဲ့အကြီးအကဲက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါရေသယ်ကားအတွင်း ပေါင် ၁၇၅၀ အလေးချိန်ရှိသော ဖောက်ခွဲရေးပစ္စည်းများကိုထည့်ကာ ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် နှစ်ထပ်အဆောက်အအုံတစ်လုံး ပြိုကျပျက်စီးသွားရာ ယင်းအဆောက်အအုံအတွင်း ပိတ်မိနေသူများရှိသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေရကြောင်း ဂိုဏ်းဂဏဆိုင်ရာ တိုက်ခိုက်မှုဖြစ်ပြီး ရှီးယိုက်များကိုပင် ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။ **အင်တာနက်။**

ပါကစ္စတန်နိုင်ငံ ကွတ်တာမြို့ ဆင်ခြေဖုံးရှိ ဈေးတစ်ဈေးအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

ရုရှား ယူရယ်တောင်တန်းကယ်ဆယ်ရေး သန့်ရှင်းရေးလုပ်ကြမည်

မော်စကို ဖေဖော်ဝါရီ ၁၇

အလုပ်သမား ၉၀၀၀ ကျော်ပါဝင်သော ကယ်ဆယ်ရေးနှင့် သန့်ရှင်းရေးအဖွဲ့ကြီးသည် သောကြာနေ့က ဥက္ကာပျံ ကျရောက်ခဲ့သော ယူရယ်တောင်တန်းများဆီသို့ ထွက်ခွာသွားကြပြီဖြစ်ကြောင်း ရုရှားအရေးပေါ်ဝန်ကြီးဌာနက စနေနေ့တွင် ကြေညာသည်။

မှန်ကွဲများကြောင့် ကလေး ၂၀၀ အပါအဝင် ဒဏ်ရာရရှိသူ ၁၂၀၀ ကျော်ကို အကူအညီပေးရန် သမ္မတ ဗလာဒီမာပူတင်က အမိန့်ထုတ်ခဲ့သည်။

ဥက္ကာပျံပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော ဂယက်လှိုင်းများက ခန့်မှန်းခြေ တံခါးပေါက်ဧရိယာ မီတာ ၂၀၀၀၀၀ ပျက်စီးစေခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် ဒေါ်လာ ၃၃ သန်းခန့်ရှိမည်ဟု ရုရှားတာဝန်ရှိသူများက တွက်ဆသည်။

ဘီဘီစီ။

MTE MYANMAR TOUR EAST TRAVELS & TOURS
Thousand Islands Travels & Tours

ပျော်ပျော်ပါးပါး သင်္ကြန်ခရီးစဉ်များ

ဘန်ကောက် - ဖူးခက်	12 April	840,000 Ks	ဟောင်ကောင် - မကာအို	12 April	1,400,000 Ks
ဘန်ကောက် - ပတ္တရား	13 April	520,000 Ks	ကိုရီးယား	13 April	1,850,000 Ks
စင်ကာပူ - မလေးရှား	12 April	1,100,000 Ks	အိန္ဒိယ (သံဝေဂနိဿယလေးဌာန)	12 April	1,150,000 Ks
ဘာလီကျွန်း - စင်ကာပူ	12 April	1,350,000 Ks	မူဆယ် - ရွှေလီ	12 April	300,000 Ks
ကမ္ဘောဒီးယား - ဗီယက်နမ်	13 April	1,100,000 Ks	ဂျပန်	12/13 April	2,800,000 Ks

** ကမ္ဘာ့အဆင့်မီ Star Cruise ဇိမ်ခံသင်္ဘောခရီးစဉ် **

ဝယ်ယူနိုင်သောနေရာများ

Thousand Islands Travels & Tours
Ph : 011 220 834, 09 51 17891,
09 4210 47022, 09 4500 1876.

Myanmar Tour East Travels & Tours
Ph : 381 334, 392 697, 09 51 38402,
09 731 12217, 09 431 26270.

Good Health ဂျာနယ်က တာဝန်ယူပါတယ်။

Love & Sex ၅၊

ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ကြော်ငြာများ
တစ်စောင်တည်းနှင့်အစုံလင်ဆုံးဂျာနယ်
ကွန်မျူတာ၊ အင်္ဂလိပ်စာ၊ စာရင်းကိုင်၊
Air Con ပြင်၊ စက်ချုပ်၊ ယာဉ်မောင်းသင် စသော သင်တန်းများ
အခမဲ့ တက်ရောက်ခွင့် ရရှိနိုင်မည့်
အခွင့်အရေးများနှင့်အတူ...
အခွင့်အလမ်း ဂျာနယ် The Opportunity Journal
အိမ်နေ့တိုင်းထွက်ပြီ
အမှတ်(၁၁၆)၊ ပထမထပ်၊ ၄၂လမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း ၀၉-၇၃၂၅၅၇၄၂၊ ၀၉-၇၃၂၀၁၂၈၊ ၀၁-၂၉၅၇၅၄။

ဈေးကွက် ဂျာနယ်
တရုတ်လူဆိုးဂိုဏ်းများနှင့်
SPECIAL REPORT

မြန်မာ-လာအိုချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကျင်းပ တံတားတည်ဆောက်ပြီးစီးပါက နှစ်နိုင်ငံ ကုန်ပစ္စည်းများသယ်ယူရာတွင် လွယ်ကူချောမွေ့မည်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နှစ်နိုင်ငံကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ရင်းနှီးမြှုပ်နှံမှုမြင့်မားလာစေရန်နှင့် ဒေသတွင်းခရီးသွားလာရေး လမ်းပန်းဆက်သွယ်မှု လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံကို ဆက်သွယ်မည့် မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် လာအိုဘက်ကမ်းတံတား တည်ဆောက်ရေးစီမံကိန်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို လာအို ရိုးရာဓလေ့ထုံးတမ်းများနှင့် အညီ စတင်ဖွင့်လှစ်ပြီး လွမ်နမ်သာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဒေါက်တာ ဖီဖာဆွန်လျောင်ခမ်းမားနှင့်တံတား တည်ဆောက်ရေး တာဝန်ခံတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့်ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာဆွန်မက် ဖိုဆင်နာနှင့် တာဝန်ရှိသူများသည် မြန်မာ-လာအိုချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားတိုင်အား အုတ်မြစ်ချပေး၍ မင်္ဂလာအချိန်တွင် Stand Pipe ကို Vibrohammer ဖြင့် ရိုက်သွင်းပေးသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို မြန်မာနိုင်ငံဘက်ကမ်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်ခွဲ မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား စီမံကိန်းမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစိုင်းနော်ခမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းတင့်၊ အင်ဂျင်နီယာချုပ်(တံတား) ဦးရွှေလေး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးသန်းနိုင်အောင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်ညိုတို့က ပန္နက်တော်များကို ရိုက်သွင်းပေးကြပြီး တွင်းတော်ဝန်းပေးကြကာ တံတားတိုင်အမှတ်(RP_2)တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးတင်ဦးက နဂါးစာကျွေး ဆုတောင်းမေတ္တာ ပို့သသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ လာအိုနိုင်ငံဝန်ကြီး မစ္စတာဆွန်မက်ဖိုဆင်နာ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် လွမ်နမ်သာပြည်နယ် အုပ်ချုပ်ရေးမှူး ဒေါက်တာဖီဖာဆွန်လျောင်ခမ်းမားတို့က မင်္ဂလာအချိန်တွင် Stand Pipe ကို Vibrohammer ဖြင့် ရိုက်သွင်းပေးခဲ့ကြသည်။**(ဝဲပုံ)**

ယခုတည်ဆောက်မည့် မြန်မာ-လာအိုချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတားသည် လာအိုနိုင်ငံ လွမ်နမ်သာပြည်နယ် ဇင်းကုတ်နှင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့နယ်သို့ မဲခေါင်မြစ်ကို ဖြတ်သန်းကာ တည်ဆောက်မည်ဖြစ်ပြီး တံတားအမျိုးအစားမှာ သံမဏိ သံပေါင်တံတား အမျိုးအစားဖြစ်သည်။ တံတားအရှည် ၆၉၁ ဒသမ ၆ မီတာရှိကာ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ ယာဉ်နှစ်လမ်းသွားနှင့် တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း (၇၅)တန်ဖြစ်သည်။ အဆိုပါတံတား တည်ဆောက်ပြီးစီးသွားပါက နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာကာ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူချောမွေ့မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၈-၂-၂၀၁၃(တနင်္လာနေ့)

၇း၀၃	တရားတော်
၇း၂၈	မြန်မာ့ရှုခင်း
၇း၃၅	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၁၀	ဇာတ်လမ်းတို
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင်ဒုတိယတွဲ (အပိုင်း-၇၉)
၆း၁၀	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လူငယ်လေးရဲ့ အစိမ်းရောင်ကမ္ဘာ" (အပိုင်း-၁၁) -ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် -မေးမြန်းစူးစမ်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဆွဲအားပြင်းတဲ့ချစ်ခြင်း" (အပိုင်း-၉) -Mini Series

အလုံသင်္ဘောကျင်း ရွှေ့ပြောင်းရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးဟံစိန် သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်သည် ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဖေက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မှု၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် အသစ်တည်ဆောက်ပြီးစီးနေသော ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းသစ်သို့ ရွှေ့ပြောင်းမှုလုပ်ငန်းများနှင့် ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းနေမှုအခြေအနေ၊ ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာ ဌာနမှူးများက လုပ်ငန်းအခြေအနေများကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ ဒဂုံဆိပ်ကမ်း၌ သင်္ဘောကျင်းသစ် တည်ဆောက်နေမှုနှင့်ပြီးစီးမှု၊ သင်္ဘောကျင်းဝန်ထမ်းမိသားစုများ ဒဂုံဆိပ်ကမ်းဝန်ထမ်းအိမ်ရာသို့ ရွှေ့ပြောင်းရောက်ရှိလာမှုနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ဆက်လက်၍ အလုံမြို့နယ်ရှိ အလုံသင်္ဘောကျင်းသို့ ရောက်ရှိပြီး ဝန်ထမ်းမိသားစုများ၏ ဝန်ထမ်းအိမ်ရာ အသစ်သို့ ရွှေ့ပြောင်းနေမှုတို့ကို ကြည့်ရှု၍ အလုံသင်္ဘောကျင်း ရောခန်းမ၌ သင်္ဘောကျင်းရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောင်းပါးရှင်အာဘော် စာဖတ်သူတစ်ဦး

ကောင်းမွန်စွာ ခံယူကျင့်သုံးတတ်ပါစေ

ယနေ့နိုင်ငံကို အုပ်ချုပ်နေသော အစိုးရသည် ပြည်သူ့ဆန္ဒဖြင့်ရွေးချယ်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်။ ထိုကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် "အစိုးရ" ဖြစ်ပါသည်။

အစိုးရအဖွဲ့သည် တိုင်းပြည်အား "ဒီမိုကရေစီ"စနစ် တိုးတက်ဖြစ်ထွန်းလာစေရန် ဖော်ဆောင်ရာ၌ ကမ္ဘာ့နိုင်ငံများ၏ ဒီမိုကရေစီစနစ်ကို တိုက်ရိုက်ပုံတူ မကူးချဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လိုက်ဖက်လျော်ကန်သင့်မြတ်ပြီး စည်းကမ်းစနစ်ကျစွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ထွန်းပေါ်ပေါက်စေရန် ကြိုးပမ်းလျက်ရှိသည်။ ထိုနေရာတွင် ဒီမိုကရေစီစနစ်"ပြယုဂ်"များအား ပြည်သူများ ထင်သာမြင်သာရှိရှိ ယုံကြည်သက်ဝင်မှုရှိစေရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးနေသည်မှာ ထင်သလောက် ခရီးပေါက်နေသည်ကို တွေ့ရသည်။

သာဓကအဖြစ် တင်ပြရလျှင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ရာ၌ ပြည်သူများဆန္ဒဖြင့် ရွေးချယ်နိုင်အောင် စီစဉ်ပေးခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအများစုကိုလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြောင်းလဲ ပခုံးပြောင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးခြင်းနှင့် နိုင်ငံခြားသားများပင် ပြည်တွင်း၌ လာရောက်ရင်းနှီးမြှုပ်နှံနိုင်အောင်စီစဉ်ပေးခြင်း၊ Media ကဏ္ဍတွင်လည်း တိုင်းပြည်အတွက် အန္တရာယ်၊ အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုကို ထိပါးတိုက်ခိုက်လာမည့် ကိစ္စရပ်မျိုးမှလွဲ၍ ကျန်အပိုင်းအားလုံးအား ပြည်သူတွေကျေနပ်လက်ခံနိုင်သည်အထိ ဖြေလျှော့ပေးခဲ့ခြင်းအပြင် အစိုးရသစ် (၂)နှစ်ပြည့်မြောက်မည့် ဧပြီလ ၁ ရက်နေ့တွင် ပုဂ္ဂလိကသတင်းစာများထုတ်ဝေခွင့်ပေးခြင်းတို့ကိုပါ ဆောင်ရွက်ပေးထားသည်ကို ကြားသိရသည့်အတွက် လွန်စွာပင် ဝမ်းမြောက်မိပါသည်။

ပြည်သူတို့၏ "ဘဝ" တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီနှင့်ကိုက်ညီသည့် တရားမျှတသော လွှတ်တော်အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာရန်အတွက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ရှေ့နေချုပ်တို့သည် မြို့နယ်၊ ခရိုင်မှစ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ တရားလွှတ်တော်ချုပ်များမှ တရားသူကြီးများပါမကျန် နေပြည်တော်သို့ခေါ်ယူ၍ "ပြည်သူလူထု"အမှန်တကယ် အားကိုးကြည်ညိုလေးစားပြီး "အဂတိတရားလေးပါး" ကင်းရှင်းသော တရားရေးဝန်ထမ်းများ ဖြစ်အောင်ဆောင်ရွက်ရန်နှင့် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင်လည်း "သီလ၊ သမာဓိ၊ ပညာ" အပေါ်အခြေခံပြီး မျှတသော တရားစီရင်မှုများဆောင်ရွက်ရန် ကျမ်းသစ္စာကျိန်ဆိုခိုင်းမှုများကို ရှုမြင်နေရသည့်အတွက် အနာဂတ်တွင် ဒီမိုကရေစီထွန်းကားလာစေရန် ကောင်းမွန်သော "ပြယုဂ်"များကို အမှန်တကယ် ဆောင်ရွက်အကောင်အထည်ဖော်နေပြီဖြစ်၍ ဖော်ပြပါ လုပ်ဆောင်မှုများကိုလည်း လွန်စွာမှပင် လှိုက်လှိုက်လှဲလှဲ ကြိုဆိုမိပါသည်။

တိုင်းပြည်တွင် ဒီမိုကရေစီစနစ် အမြန်ဆုံး ဖြစ်ပေါ်ထွန်းကားရေးသည် "အစိုးရ"တစ်ဖက်တည်းဆောင်ရွက်ရန် မဖြစ်နိုင်ပါ။ "ပြည်သူနှင့် အစိုးရ"နှစ်ဦးနှစ်ဖက်စလုံးနားလည်မှုရှိရှိ ဟန်ချက်ညီညီ အပေးအယူမျှတစွာ ခံယူကျင့်သုံးသွားပါမှ စည်းကမ်းပြည့်ဝသော "ဒီမိုကရေစီ" စနစ် အမြန်ဆုံးပေါ်ထွန်းလာမည်ဟု ယုံကြည်မိပါသည်။

"ဒီမိုကရေစီ"စနစ်ပေါ်ထွန်းလာရန်မှာ "အစိုးရ"တွင်သာ တာဝန်အရှိဆုံးဟု နားလည်မှုလွဲမှားပြီး ခံယူကျင့်သုံးမှု မလွဲမှားရန်လည်း လိုအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီးက ပြည်သူများအား ၂၀၁၃ နှစ်ဆန်း နှစ်သစ်ကူးမိန့်ခွန်း ပြောကြားရာတွင်လည်း ပြည်သူတွေရဲ့ လိုအပ်ချက်နဲ့ အစိုးရအုပ်ချုပ်ရေးယန္တရားအဖွဲ့ရဲ့ ဖြည့်ဆည်းနိုင်မှုအကြား "လိုအပ်ချက်များ"ရှိကြောင်း ဝန်ခံပြောကြားသွားပြီး ထိုလိုအပ်ချက်များကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်သွားမည်ဟုလည်း ဝန်ခံကတိပြုမြွက်ကြားသွားပြီး ဖြစ်ပါသည်။

အနာဂတ်မျိုးဆက်သစ် နောင်လာနောက်သားများအား စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်ကို ပခုံးပြောင်းအမွေပေးခဲ့နိုင်ရန် ရည်ရွယ်၍ ယခုမျက်မှောက် "ခေတ်ပြောင်းစနစ်ပြောင်း" ကာလအား အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသောအချိန်တွင် ပြည်တွင်း ပြည်ပကဏ္ဍပေါင်းစုံမှ ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသောအချိန်ဖြစ်သည်။ ထိုအချိန်အခါတွင် အစိုးရနှင့် ပြည်သူအကြား လိုအပ်ချက်များအား ဆောင်ရွက်ရာတွင် "ဆန္ဒမပြည့်မှု"၊ "ကြန့်ကြာမှု" များရှိတတ်ရာ အနာဂတ်ကိစ္စရပ်အတွက် အုတ်မြစ်ကောင်းချနေခြင်းဖြစ်သည်ဟု စိတ်သဘောထားပိုက်ပြီး အပြန်အလှန်နားလည်မှု ပေးသင့်သည်ဟု ထင်မြင်ပါသည်။

"ဒီမိုကရေစီ"စနစ်၏ အခြေခံအကျဆုံးအချက်များမှာ "စည်းကမ်းစနစ်ကျနမှု"၊ "တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု"၊ "မိမိကိုယ်မိမိ တာဝန်ယူမှု"တို့ဖြစ်ပါသည်။

ယနေ့ "ဒီမိုကရေစီ"အသွင်ကူးပြောင်းရေးကာလ နှစ်နှစ်တာအတွင်း၌ ပြည်သူအချို့၏ ဒီမိုကရေစီစနစ်အပေါ် လက်တွေ့ခံယူကျင့်သုံးမှုတွင် သွေဖည်နေသည့် ဆောင်ရွက်မှု အချို့ကို တွေ့မြင်လာပါသည်။ ဥပမာအနေဖြင့် "ဒီမိုကရေစီ" စနစ်၏ အခြေခံဖြစ်သော စည်းကမ်းစနစ်ကျနမှု၏ ဆန့်ကျင်ဘက် စည်းကမ်းဖောက်ဖျက်မှုများဖြစ်သော စီးနင်းရန်တားမြစ်ထားသော စီးပွားရေးမြို့တော် ရန်ကုန်မြို့လယ်တွင် မော်တော်ဆိုင်ကယ်များအား ပြောင်ပြောင်တင်းတင်း စီးနင်းနေခြင်း၊ စီးနင်းခွင့်မရှိသူများပင် ၎င်းတို့ပိုင်ယာဉ်များအား စတစ်ကာအမည်းရောင်များ တပ်ဆင်၍ စီးနင်းခြင်း၊ နိုင်ငံတော်မှ တပ်ဆင်ရန်ခွင့်ပြုထားသောယာဉ်နံပါတ်ပြားများအား မတပ်ဆင်ဘဲ မိမိသဘောရှိ အရွယ်အစားစုံ နံပါတ်ပြားများ တပ်ဆင်မောင်းနှင်ခြင်း၊ လမ်းများပေါ်တွင် ယခင်ထက်ပင် ပိုမို၍ စည်းကမ်းမဲ့စျေး ရောင်းချခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ သတ်မှတ်လမ်းဖြတ်ကူးရမည့်နေရာများမှပင် လမ်းကူးမှုမပြုလုပ်ခြင်း၊ လမ်းများပေါ်တွင် ယခင်ကထက်ပိုမို၍စည်းကမ်းမဲ့စွာ သူတလူငါတမင်း ယာဉ်များအားမောင်းနှင်ခြင်း၊ အုပ်စုဖွဲ့ရမ်းကားမှုနှင့် ရိုက်နှက်မှုများ ပိုမိုဖြစ်ပေါ်နေခြင်း၊ စာနယ်ဇင်းများတွင်လည်း မိသားစုအတူတကွ ကြည့်ရှုဖတ်ရှုနိုင်မှုမရှိလောက်သည့် ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် ဓာတ်ပုံများထည့်သွင်းရိုက်နှိပ်ဖြန့်ဝေခြင်း၊ အစိုးရ၏ အနာဂတ်တိုင်းပြည်စီးပွားရေးအတွက်သော်လည်းကောင်း၊ ပြည်သူလူထုအတွက် ရည်ရွယ်တည်ဆောက်မည့် စီးပွားရေးဇုန်များ၊ အိမ်ရာစီမံကိန်း တည်ဆောက်မည့် စီမံကိန်းမြေနေရာများအတွင်းသို့ပင် ဝင်ရောက်၍ ကျူးကျော်တဲများ တည်ဆောက်ခြင်း၊ မိမိကိုယ်ကျိုးကိုသာကြည့်၍ ပြည်သူတစ်ရပ်လုံး အန္တရာယ်ရှိစေနိုင်သော အစားအစာနှင့် ဆေးဝါးများ တင်သွင်းရောင်းချခြင်းစသည့် အကြောင်းခြင်းရာများသည် ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေး၏ "ဆန့်ကျင်ဘက်"များပင်ဖြစ်ပေသည်။

အနာဂတ်တွင် ကောင်းမွန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ အမြန်ဆုံးပေါ်ထွန်းလာစေရန် အစိုးရဘက်မှ ပြောင်းလဲဆောင်ရွက်နေမှုအပေါ် ပိုမို၍ အရှိန်အဟုန်မြှင့်စေသော တွန်းအားတစ်ရပ် ဖြစ်ပေါ်စေရန်အတွက် တစ်ဦးချင်းမှအစပြု၍ တစ်နိုင်ငံလုံးအထိ "ဒီမိုကရေစီစနစ်"၏ အခြေခံကောင်းများနှင့် အလေ့အကျင့်များအား စတင်၍ ကောင်းမွန်စွာခံယူကျင့်သုံးတတ်ကြစေရန် ရည်ရွယ်၍ မွန်မြတ်သောစိတ်စေတနာကောင်းဖြင့် အကြံပြုရေးသားတင်ပြအပ်ပါသည်။ ။

ပုသိမ်မြို့နှင့်အနီးတစ်ဝိုက်တွင် MRTV-4 (Free To Air) ရုပ်သံလိုင်းကိုရိုးရိုးအင်တင်နာဖြင့် လွယ်ကူစွာ ဖမ်းယူကြည့်ရှုနိုင်

ပုသိမ် ဖေဖော်ဝါရီ ၁၇

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4 Free To Air ရုပ်သံလိုင်းသစ်ကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် Free To Air စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

ယခုအခါ MRTV-4 Free To Air ရုပ်သံလိုင်းကို ပုသိမ်မြို့နှင့် အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း CH-33 (590-596 MH_z) ဖြင့် ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိတီဗွီနှင့် ရိုးရိုးအင်တင်နာဖြင့်ပင် ရုပ်သံအရည်အသွေးကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖိလစ်ပိုင်ကမ်းလွန်တွင် သင်္ဘောတိမ်းမှောက် တစ်ဦးသေဆုံး ၁၄ ဦး ပျောက်ဆုံးလျက်ရှိ

မနီလာ ဖေဖော်ဝါရီ ၁၇

မြန်မာအလံလွှင့်ထူထားသော ကျောက်မီးသွေးတင် ကုန်တင်သင်္ဘောတစ်စင်းသည် ဖိလစ်ပိုင်နိုင်ငံ ပန်ဂါဆီနန်ပြည်နယ် ဘိုလီနောင်မြို့အနီး ကမ်းလွန်ပင်လယ်ပြင်တွင် စက်ချွတ်ယွင်းပြီး လှိုင်းဒဏ်သင့်ကာ တိမ်းမှောက်ခဲ့ရာ မလေးရှားနိုင်ငံသားတစ်ဦး သေဆုံး၍ ၁၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ဖေဖော်ဝါရီ ၁၇ ရက်တွင် ထုတ်ပြန် ကြေညာသည်။

အဆိုပါ အခင်းဖြစ်ပွားမှု သတင်းအချက်အလက်များကို တရုတ်သင်္ဘောတစ်စင်းထံမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်သင်္ဘောက သင်္ဘောသား ကိုးဦးကို ကယ်တင်ခဲ့ပြီး အဆိုပါ ကိုးဦးအနက် နှစ်ဦးမှာ ဒဏ်ရာများရရှိထားကြောင်း၊ ကျန်လူများမှာ အခြေအနေကောင်းမွန်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အာမန်ဒ်ဘာလီလို က ပြောကြားခဲ့သည်။

အဆိုပါသင်္ဘောတွင် မြန်မာနိုင်ငံသား သင်္ဘောသားအများစုလိုက်ပါပြီး တရုတ်သင်္ဘောက မြန်မာသင်္ဘောသား ၁၄ ဦးပျောက်ဆုံးလျက်ရှိကြောင်း အစီရင်ခံခဲ့သည်ဟု ဘာလီလို က ဆက်လက်ပြောကြားသည်။

သင်္ဘောတိမ်းမှောက်ခဲ့သည့်အချိန်မှာ တနင်္ဂနွေနေ့ နံနက် ၉ နာရီခန့်ကဖြစ်မည်ဟု ခန့်မှန်းရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(ဆင်ဟွာ)

ရေတာရှည် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားခြင်းကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိသူများ နေ့စဉ်တိုးတက်များပြားလျက်ရှိ၍ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေးပညာပေးဟောပြော

ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆွာမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ရေတာရှည်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်ဝင်းနှင့် ဆွာရဲစခန်း ရဲအုပ်သောင်းစံတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ လိုက်နာသင့်သည်များကို ဟောပြော၍ မှုခင်းကျဆင်းရေးအတွက် ပြည်သူအားလုံး ဥပဒေဘောင်အတွင်းမှ နေထိုင်နိုင်ရေး ဖိတ်ကြားထားသည့်ဧည့်သည်များ၊ ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

အကျိုးဆောင်
အကျိုးရှိအောင်
Ph : 01-387127, 375537
City Mart များတွင်လည်း ရရှိနိုင်ပါသည်။
ဖေဖော်ဝါရီလ (၁၈) ရက်၊ တနင်္လာနေ့
ထွက်ပြီ

ရွှေသြဇာ
"Let's conserve our Earth with Spirulina"
JUNE INDUSTRY LTD.
မိတ်ဆက်ပွဲ နှင့် ဟောပြောပွဲ အခမ်းအနား

Chairman (June Industry Ltd.)
PhD, Adelaide University, Australia
AvH Humboldt Fellow, Germany
Executive Director (June Industry Ltd.)
B.Agric Sc, M.Sc(AIT, Thailand)
PhD (Italy) in Biotechnology
PLANT & SOIL CONDITIONER

ရန်ကုန်မြို့တော်နယ်နိမိတ်နှင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အားကို အမြန်ဆုံးဖြည့်တင်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကဏ္ဍတွင် နွေရာသီကာလများ၌ ဓာတ်အားထုတ်လုပ်နိုင်မှုအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်စေရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အဖြစ် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာသန်း ၁၅၀ ခန့် တန်ဖိုးရှိသော Mitsubishi အမျိုးအစား ၁၂၀ မဂ္ဂါဝပ် Gas Turbine နှစ်လုံးအား လွှဲပြောင်းပေးအပ်ရန် သဘောတူစာချုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Kittiratt Na-Ranong တို့သည် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ထိုင်းနိုင်ငံအစိုးရအဖွဲ့ရုံး Green House အဆောက်အအုံ၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ စက်နှစ်လုံးအနက်မှ ပထမစက်တစ်လုံး၏ ဆက်စပ်ပစ္စည်းအစိတ်အပိုင်းများကို ထိုင်းနိုင်ငံ EGAT (Electricity Generating Authority of Thailand)အဖွဲ့မှ မြန်မာနိုင်ငံသို့ BBC Amethyst သင်္ဘောဖြင့် သင်္ဘောတစ်စင်းစာ အပြည့် သယ်ဆောင်လာခဲ့ရာ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရောက်ရှိလာခဲ့သည်။

အဆိုပါပစ္စည်းများမှ ပစ္စည်း ၅၈၉ ခုကို ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ ဖေဖော်ဝါရီ ၁၅ ရက်အထိ သင်္ဘောပေါ်မှ ဆိပ်ကမ်းသို့ သယ်ချခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ဓာတ်အားပေးစက်၏ အရေးကြီးအစိတ်အပိုင်းများဖြစ်သည့် Generator၊ Turbine၊ Power Transformer နှင့် Starting Unit တို့ကို ဖေဖော်ဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် Asia World ဆိပ်ကမ်း၌ သင်္ဘောပေါ်မှ သယ်ချခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါစက်ပစ္စည်းများ သယ်ချခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါစက်များအား အင်းစိန်မြို့နယ် ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ဆက်လက်သယ်ယူပို့ဆောင်၍ တပ်ဆင်တည်ဆောက်မှုများ အမြန်ဆောင်ရွက်လျက်ရှိသည်။ အသစ်ထပ်မံတိုးချဲ့တည်ဆောက်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်နှစ်လုံးသည် တစ်လုံးလျှင် ၁၂၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့တော်နယ်နိမိတ်နှင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း လိုအပ်သောလျှပ်စစ်ဓာတ်အားကို အမြန်ဆုံးဖြည့်တင်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၈-၂-၂၀၁၂ (တနင်္လာနေ့)

၅း၁၀	"မှန်လျှင်သစ္စာ" တရားတော် (ဆရာတော်ဘဒ္ဒန္တနာရဒ)
၈း၄၀	ရန်ကုန်မြင်ကွင်းကျယ် (၁၉၆၄-၁၉၇၆ ခုနှစ် မကွေးကောလိပ်ကျောင်းသား၊ ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ)
၉း၄၅	မိခင်ပြစ်မှား၍ မြေမျိုသူ-၂ ဗီဒီယိုဇာတ်ကားမိတ်ဆက်
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၅၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၄း၄၅	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign of Love" (Season-2)(အချစ်သင်္ကေတ) (အပိုင်း - ၁၉)

ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းတို့က ကြီးမှူးဖွင့်လှစ်ခဲ့သည့် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ်(၃/၂၀၁၁)ဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းနာယက သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အသင်းဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်မြင့်က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းနာယက သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းအမှတ်စဉ် (၃/၂၀၁၁) ဆင်းပွဲတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအား ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ၏ ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့်အား အလွဲသုံးစားပြုလုပ်မှု၊ အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ ပြည်သူလူထုမှ တိုက်ရိုက်တိုင်ကြားနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် အော်တိုတယ်လီဖုန်းများ တပ်ဆင်၍ ၂၄ နာရီ အချိန်ပြည့်ဖွင့်လှစ်ထားရှိပြီး တယ်လီဖုန်းအမှတ် ၀၁-၂၃၂၀၁၉၉ သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများနှင့် လူ့အခွင့်အရေးအခြေအနေများ အလျင်အမြန်တိုးတက်လာသည်ဟု ကုလအထူးသံတမန် ကင်တားနား ပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်ပြောင်းလဲလျက်ရှိပြီး လူ့အခွင့်အရေးအခြေအနေများသည်လည်း တိုးတက်ကောင်းမွန်သည့်လက္ခဏာ ပြလျက်ရှိကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးသံတမန် မစ္စတာသောမက်စ် အိုဟေးကင်တားနားက ၎င်း၏ မြန်မာနိုင်ငံ ငါးရက်ကြာခရီးစဉ်နောက်ဆုံးနေ့ ဖေဖော်ဝါရီ ၁၆ ရက်ညနေ သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။



ကုလသမဂ္ဂ အထူးသံတမန် မစ္စတာ ကင်တားနား။

မစ္စတာကင်တားနားသည် အဆိုပါ ငါးရက်ကြာခရီးစဉ်အတွင်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားသူကြီးချုပ်နှင့် ရှေ့နေချုပ်၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့ပြီး အကျဉ်းထောင်များသို့လည်း သွားရောက်လေ့လာခဲ့သည်။ ထို့အပြင် မစ္စတာ ကင်တားနားသည် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခဲ့သည်။

မစ္စတာ ကင်တားနားသည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်တို့သို့ သွားရောက်လေ့လာခဲ့ပြီး KIO အဖွဲ့နှင့် အပစ်အခတ်ရပ်စဲကာ အစိုးရနှင့်ငြိမ်းချမ်းရေးဆွေးနွေးမှုများ တိုးတက်လာမှုအပေါ် ကြိုဆိုထောက်ခံခဲ့သည့်အပြင် လာမည့်သီတင်းပတ်များတွင် တိုးတက်မှုများဆက်လက်ရရှိမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

၎င်းက ဆက်လက်၍ ရခိုင်ပြည်နယ်တွင်လည်း ဒုက္ခသည်များ၏ စားဝတ်နေရေး၊ ကျန်းမာရေးအခြေအနေများမှာ ယခင်ထက်စာလျှင် တိုးတက်မှုများ တွေ့ရကြောင်း ပြောကြားပြီး ကျန်ရှိနေသော အကျဉ်းသားများ ထပ်မံလွှတ်ပေးရန်လည်း တောင်းဆိုခဲ့သည်။ သတင်းမီဒီယာကဏ္ဍတွင်လည်း လွတ်လပ်ပွင့်လင်းမှုများနှင့် လွတ်လပ်စွာရေးသားပြောဆိုခွင့်များ ပိုမိုရရှိလာပြီဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားသွားခဲ့သည်။

မစ္စတာ ကင်တားနားသည် ကုလသမဂ္ဂ ညှိနှိုင်းရေး အထူးသံတမန်အဖြစ် ၂၀၀၈ ခုနှစ် မတ်လတွင် ခန့်အပ်ခံရပြီးနောက် မြန်မာနိုင်ငံသို့ လာရောက်မှုမှာ ယခုအကြိမ်သည် ခုနစ်ကြိမ်မြောက် လာရောက်ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

❖ နိုင်ငံဖွံ့ဖြိုးရေးမှ

ဆောင်ရွက်ပေးနိုင်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် မိမိတို့အစိုးရအဖွဲ့၏ နိုင်ငံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက် နေမှုများကို ချင်းပြည်နယ် ဒေသခံ ပြည်သူများအား ရှင်းလင်းပြောကြား ရန်တို့အတွက် လာရောက်ခဲ့ခြင်းဖြစ် ကြောင်း၊ မိမိတို့အနေဖြင့် ယမန်နေ့ က တီးတိန်မြို့နှင့် ဖလမ်းမြို့တို့သို့ ရောက်ရှိခဲ့ပြီး ယနေ့တွင်လည်း ဟားခါးမြို့မှတစ်ဆင့် မင်းတပ်မြို့သို့ ခရီးဆက်မည်ဖြစ်ကြောင်း၊ ပထမ ဦးစွာ မိမိနှင့်အတူ လိုက်ပါလာ သည့် ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေ သည့် လုပ်ငန်းများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြောကြားကြမည်ဖြစ် ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဦးဝင်းထွန်း၊ ဦးအုန်းမြင့်၊ ဒေါက်တာ မြအေး၊ ဒေါက်တာကိုကိုဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို၊ ဦးခင်ရီနှင့် ဦးလှထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြ သည့် ဒေါက်တာဝင်းမြင့်၊ ဦးစိုးတင့် နှင့် ဗိုလ်ချုပ်ဇော်ဝင်းတို့က နိုင်ငံတော် အစိုးရက နိုင်ငံရေးပြုပြင်ပြောင်းလဲ မှုနှင့် စီးပွားရေးပြုပြင် ပြောင်းလဲ မှုတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် တတိယအဆင့်အနေဖြင့် ပိုမို တိုးတက်ကောင်းမွန်သည့် အုပ်ချုပ် မှုစနစ်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေမှု၊ သစ်တောသယံ ဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက် နေမှုနှင့် မြန်မာ့သစ်တောမူဝါဒနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံတစ်ဝန်း မွေးမြူရေးလုပ်ငန်းများ တိုးတက်လာ အောင် အားပေးမြှင့်တင်ပံ့ပိုးပေး နေမှု၊ ပညာရေးကဏ္ဍအဆင့်အတန်း မြင့်မားလာရေးအတွက် ပြောင်းလဲ ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးရေး၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးကို တိုက်ရိုက် အထောက်အကူပြုသည့် သုတေ သန လုပ်ငန်းများဆောင်ရွက်နေမှု၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာ ရေးတို့အတွက် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေး ကတ် ရရှိရေးအတွက် မိုးပွင့်စီမံချက် များဖြင့် ဆောင်ရွက်ပေးနေမှုနှင့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမည့် အခြေအနေ၊ ပြည်ထောင်စုဝန်ကြီး ဌာနများအနေဖြင့် တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှုနှင့် ဘဏ္ဍာငွေ သုံးစွဲမှုအခြေအနေ၊ ပြည်သူများ၏ ကျန်းမာရေးအဆင့် အတန်းမြှင့်တင်ရေးနှင့် လူတိုင်း သက်တမ်းစေ့နေနိုင်ရေးတို့အတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက် နေမှု၊ လမ်းတံတားများဖောက်လုပ်ရေး၊ အဆင့်မြှင့်တင်ရေးနှင့် မြို့ရွာများ ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်နေမှု အခြေအနေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင် ရွက်နေမှုအခြေအနေများနှင့် ချင်း ပြည်နယ်အစိုးရအဖွဲ့နှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေ များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာ တွင် အစိုးရယန္တရားကို အကောင် အထည်ဖော်ရာ၌ ဝန်ကြီးဌာနများက ကဏ္ဍအလိုက်ဆောင်ရွက်ရပြီး တိုင်း ဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ များက ဒေသအလိုက် ဖော်ဆောင်ရ ကြောင်း၊ အဆိုပါအစိုးရအဖွဲ့များ အနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးရေး အတွက် ကဏ္ဍများစွာကို ဆောင်ရွက် ပေးရသဖြင့် အလွန်အရေးကြီးပါ ကြောင်း၊ ထို့ကြောင့် အစိုးရယန္တရား မည်သို့လည်ပတ်နေသည်ကို တိုင်း ဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ များက သိရှိနားလည်ထားရန် လိုအပ် ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ က နိုင်ငံတော်၏ နိုင်ငံရေးနှင့်စီးပွား ရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်း စဉ်များ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး နိုင်ငံဖွံ့ဖြိုး ရေးအတွက် လူ့စွမ်းအားအရင်း အမြစ်များ ဖွံ့ဖြိုးလာရေးမှာ အရေး ကြီးသကဲ့သို့ လူ့အစွမ်းအားအရင်း အမြစ်များ ဖွံ့ဖြိုးလာရန်အတွက် လည်း ပညာရေးကဏ္ဍက အရေး ကြီးပါကြောင်း၊ ချင်းပြည်နယ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်အောင် ကျောင်းနေ သူတိုင်း အနိမ့်ဆုံး တက္ကသိုလ် ဝင်တန်းအထိ တတ်မြောက်အောင် တာဝန်ရှိသူများက ဝိုင်းဝန်းပံ့ပိုးပေး ရန်လိုကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများကိုလည်း ပညာ ဆက်လက်သင်ယူနိုင်ရန်အတွက် ကလေးမြို့တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာ တက္ကသိုလ်များဖွင့်လှစ်ပေးထားပြီး ဖြစ်၍ ချင်းပြည်နယ်မှ ကျောင်းသား များ တက်ရောက်နိုင်ရန် စီမံ ဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိ ကလေးတက္ကသိုလ်သို့ ရောက်ရှိစဉ် ကျောင်းသား ကျောင်းသူထက်ဝက် ခန့်မှာ ချင်းတိုင်းရင်းသားများဖြစ် သည်ကို တွေ့ရှိရသဖြင့် ဝမ်းမြောက် မိပါကြောင်း၊ တိုင်းပြည်အတွက် ပညာရေးအရင်းအနှီးမှာ လွန်စွာ တန်ဖိုးကြီးမားပါကြောင်း။

ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပြည်နယ်အစိုးရအဖွဲ့တွင် တာဝန် အရှိဆုံးဖြစ်ပြီး အမြဲစဉ်းစားကြံဆ ကာ လက်တွေ့ဆောင်ရွက်ပေးနိုင် သည်များကိုအချိန်မဆိုင်းဘဲ ချက်ချင်း ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မိမိ တို့ချည်း ဆောင်ရွက်၍ မရသော လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ညှိနှိုင်းပေါင်းစပ် ဆောင် ရွက်ရန်ဖြစ်ကြောင်း၊ မိမိတာဝန်ယူ ရသည့်ကာလတွင် ထိထိရောက် ရောက်ဖြင့် မှတ်တမ်းကျန်ရစ်အောင် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

ချင်းပြည်နယ်တွင် တည်ငြိမ် အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အတွက် ဖွံ့ဖြိုးရေးအခြေခံကောင်း များရှိပြီးဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုး ရေးကိုသာ အာရုံစိုက်၍ လုပ်ဆောင် ကြရန်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ရရှိရေး၊ ဟားခါး - ဂန့်ဂေါလမ်း၊ ဟားခါး - ဖလမ်း - ကလေးလမ်း စသည့် ပြည်ထောင်စုလမ်းမကြီး များနှင့် မြို့နယ်ချင်းဆက်လမ်းများ ကို ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင်ရေး၊ ကျေးရွာချင်း ဆက်လမ်းများ ဖောက်လုပ်ရေး၊ ပြည်နယ်တစ်ခုလုံး သောက်သုံးရေ စသည်တို့ကို လေ့လာတွက်ချက်ပြီး ဆောင်ရွက်နိုင်သည်များကို ဆောင် ရွက်ပေးရန်ဖြစ်ပြီး နိုင်ငံတော်ပိုင်း ကလည်း ပံ့ပိုးကူညီပေးမည်ဖြစ် ကြောင်း။

ချင်းတိုင်းရင်းသားများအနေဖြင့် ဤနေရာတွင် မွေးဖွားပြီး ဤနေရာ တွင်ပင် နေထိုင်ကြသူများဖြစ်သည့် အတွက် နယ်မြေဒေသအခြေအနေ အရ အခြားသူများထက် ပိုမိုကြိုးစား လုပ်ကိုင်ကြရန် တိုက်တွန်းလို ကြောင်း၊ ဒေသဝမ်းစာဖူလုံရေး အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားကြစေ လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ဟားခါး မြို့နယ်နှင့် ထန်တလန်မြို့နယ်တို့မှ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အမှတ်တရလက်ဆောင် များကို ပေးအပ်သည်။

ဆက်လက်၍ ချင်းပြည်နယ် အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန က ပေးအပ်သည့် ထောက်ပံ့ငွေ ကျပ် သိန်း ၁၀၀ နှင့် ဆန်အိတ် ၂၀၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီ မိနစ် ၂၀ တွင် မင်းတပ်မြို့သို့ ရောက်ရှိကြရာ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်၊ ကန်ပက်လက် မြို့နယ်၊ မတူပီမြို့နယ်နှင့် ရေဇွာ မြို့နယ်ခွဲတို့မှ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောင်း သား ကျောင်းသူများ၊ ဒေသခံ ပြည်သူများကကြိုဆိုကြပြီး မင်းတပ် မြို့မှ မြို့မိမြို့ဖ ဦးဂေလိန်းနှင့် ဦးထန်းတမ်တို့က နိုင်ငံတော်သမ္မတ နှင့် တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်တို့အား ရိုးရာဝတ်စုံကို ဂါရဝပြု ဝတ်ဆင်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နယ်မြေခံတပ်ရင်းခန်းမ၌ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖ များအား တွေ့ဆုံ၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ဒေသ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ လုပ်ကိုင်ကြရန်နှင့် ရင်သွေးငယ် များ၏ ပညာရေးကို အနည်းဆုံး တက္ကသိုလ်ဝင်တန်းအထိ ရောက်ရှိရေး အားပေးမြှင့်တင်ရန် တိုက်တွန်း မှာကြားခဲ့သည်။

ဆက်လက်၍ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လိုအပ် သည်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ သည် ထိုမှတစ်ဆင့် ရဟတ်ယာဉ် များဖြင့် ပခုက္ကူမြို့သို့ ရောက်ရှိကြပြီး ပခုက္ကူမြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်း
လုပ်ငန်းများအောင်မြ

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသေ
ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ဇေတဝန်တောရမ္မ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟားခါး-ဂန့်ဂေ
မွေးမြူရေးလုပ်ငန်း အောင်မြင်နေမှုအခြေအနေက
နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် သံသရာ
ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တောင်တန်းသာ
ဟားခါး မြို့မ သာသနာပြုစာသင်တိုက်နှင့် ဇေတဝန်တော
ဦးစီးပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ
သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေးမြန်း

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်မျာ
သာသနာပြုဆရာတော် အမျှုးပြုသော ဆရာတော်
ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူ

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံသ
ရင်ပြင်မှနေ၍ ဟားခါးမြို့ရှုခင်းကို ကြည့်ရှုပြီး မြို့
ပိုမိုကောင်းမွန်ဆောင်ရွက်ပေးရေး၊ ရေရရှိရန် အထေ
တောင်ကြား၊ လျှိုမြောင်များအား တမံပိတ်ပြီး ရေလှော
မြို့ရေပေးရေးစီမံကိန်းကို စနစ်တကျတိုင်းတာရေးဆွဲ
ဆောင်ရွက်ရန် မှာကြားခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၈-၂-၂၀၁၃ (တနင်္လာနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၄၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၄း၃၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ (ပထမနှစ်) (အင်္ဂလိပ်စာထူးပြု) (အင်္ဂလိပ်စာ)
၅း၃၀	မြန်မာစာ၊ မြန်မာစကား
၅း၄၅	"၂၀၁၂ ကမ္ဘာ့ဘောလုံးလောက သတင်းစုံ"
၆း၂၀	SEA Games လှုံ့ဆော်ရေး ဇာတ်လမ်းတို "ရွှေရောင်အတိတ်" (သူထူးစံ၊ အိချောပို၊ အိစိကြွေး) (ဒါရိုက်တာ - ဝင်းထွန်းထွန်း)
၆း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (ဒုတိယတွဲ) (အပိုင်း - ၂၂)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ "ဖေဖော်ဝါရီလ မိုးလေဝသအခြေအနေနှင့် ဆောင်းနှောင်းကာလ သတိပြုဖွယ်ရာများ"

မြောက်ပိုင်းဒေသများ မိုးအနည်းငယ်ထစ်ချုန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယား ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီ လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နမ့်စန်မြို့တွင် သုည ဒသမ ၆၆ လက်မ၊ လွိုင်လင်မြို့တွင် သုည ဒသမ ၃၉ လက်မနှင့် လောင်းလုံမြို့တွင် သုည ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော် တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက် ထစ်ချုန်းရွာနိုင်သည်။

ကြားသည်။
တ်သမ္မတသည်
သည့် ဟားခါး
န်မြို့နယ်တို့မှ
ရင်းရင်းနှီးနှီး
ရလက်ဆောင်
ည်။
ျင်းပြည်နယ်
ရာဝန်ကြီးဌာန
ထောက်ပံ့ငွေ
နှင့် ဆန်အိတ်
ဝန်ကြီးချုပ်ထံ

တ်သမ္မတနှင့်
ညနေ ၃ နာရီ
မင်းတပ်မြို့သို့
မင်းတပ်ခရိုင်၊
ကန်ပက်လက်
ယ်နှင့် ရေဇွာ
ိုင်ရာ တာဝန်
များ၊ ကျောင်း
ျား၊ ဒေသခံ
ကြပြီး မင်းတပ်
ဦးဂေလိန်းနှင့်
ငံတော်သမ္မတ
ကွယ်ရေးဦးစီး
်စုံကို ဂါရဝပြု
။
တ်သမ္မတသည်
န်းမ၌ ဌာန
ျား၊ မြို့မိမြို့ဖ
နိုင်ငံတော်၏
ုပ်ငန်းစဉ်များ
ခြအနေများကို
းခဲ့ပြီး ဒေသ
စိုက်ပျိုးရေး၊
ျားကို တိုးချဲ့
ရင်သွေးငယ်
ို အနည်းဆုံး
ထိ ရောက်ရှိရေး
တိုက်တွန်း

မြို့ဖများအား
က်ပြီး လိုအပ်
န်းဖြည့်ဆည်း
ည်။
နှင့်အဖွဲ့ဝင်များ
ရဟတ်ယာဉ်
ရောက်ရှိကြပြီး
ကြောင်းခရီးဖြင့်
ညနေပိုင်းတွင်
သည်။
(သတင်းစဉ်)

တ်မှ ၄ ဒီဂရီ
် ဖေဖော်ဝါရီ
ပူချိန်များမှာ
ဖြစ်ကြသည်။
၆၆ လက်မ၊
မြို့တွင် သူည

ရှ့တောင်ပိုင်း
ပင်လယ်အော်

် ဆက်လက်



ဖူးမြော်
ကြည်ညို

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဟားခါးမြို့ရှိ သံသရာအေးစေတီတော်ကို ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဟားခါးမြို့ရှိ သံသရာအေးစေတီတော်ကို ဖူးမြော်ကြည်ညို လုပ်ငန်းများအောင်မြင်နေသည့် မွေးမြူရေးခြံများကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့ ဇေတဝန်တောရမ္မရိပ်သာရှိ သံသရာအေးစေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟားခါး-ဂန့်ဂေါလမ်းရှိ မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးအားပေးပြီး မွေးမြူရေးလုပ်ငန်း အောင်မြင်နေမှုအခြေအနေကို မေးမြန်းဆွေးနွေး၍ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် သံသရာအေးစေတီတော်အား ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူဖူးမြော်ကြည်ညိုပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တောင်တန်းသာသနာပြုဆရာတော် ဟားခါး မြို့မ သာသနာပြုစာသင်တိုက်နှင့် ဇေတဝန်တောရကျောင်းတိုက်တို့၏ ဦးစီးပဓာန နာယက မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တတေဇောသာရထံ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေမှုကို မေးမြန်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တောင်တန်းသာသနာပြုဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သံသရာအေးစေတီတော် ရင်ပြင်မှနေ၍ ဟားခါးမြို့ရှုခင်းကို ကြည့်ရှုပြီး မြို့ရေပေးဝေရေးစနစ်ကို ပိုမိုကောင်းမွန်ဆောင်ရွက်ပေးရေး၊ ရေရရှိရန် အထောက်အပံ့ရရှိနိုင်မည့် တောင်ကြား၊ လျှိုမြောင်များအား တမံပိတ်ပြီး ရေလှောင်ကန်တည်ဆောက်၍ မြို့ရေပေးရေးစီမံကိန်းကို စနစ်တကျတိုင်းတာရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ဟားခါး-ဂန့်ဂေါလမ်း မိုင်တိုင်အမှတ် ၃ မိုင် ၂ ဖာလုံရှိ ဦးကျော်လွင်၏ မွေးမြူရေးခြံနှင့် မိုင်တိုင်အမှတ် ၄ မိုင် ၄ ဖာလုံရှိ ဦးဒုထန်လျန်း၏ မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးလုပ်ငန်းများ အောင်မြင်နေမှုအခြေအနေကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် နွားမွေးမြူရေးမှ ရရှိလာမည့် စွန့်ပစ်ပစ္စည်းနွားချေးမှ လျှပ်စစ်ဓာတ်အားအဖြစ် ထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် ဇီဝဓာတ်ငွေ့သိုလှောင်ကန်များကို ပံ့ပိုးတည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ မွေးမြူရေးကို စနစ်တကျထပ်မံတိုးချဲ့ မွေးမြူရန်နှင့် နို့ပိုမိုထုတ်လုပ်နိုင်သည့်နို့စားနွားမျိုးကိုလည်း စမ်းသပ်မွေးမြူသွားရန်လိုကြောင်း၊ ထို့အတူ တိရစ္ဆာန်အစားအစာ အလွယ်တကူရရှိနိုင်ရန်အတွက် စားကျက်မြေများ ထူထောင်သွားရန်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းမှရရှိလာသော ဝင်ငွေဖြင့် မိမိတို့၏သားသမီးများအား ပညာတတ်များဖြစ်အောင် အတန်းပညာများ သင်ကြားပေးနိုင်ရန် စီမံဆောင်ရွက်သွားစေလိုကြောင်း၊ ထို့အတူ မိမိတိုင်းရင်းသားဘာသာစကားကို တတ်ကျွမ်းစေရန်နှင့် ရိုးရာယဉ်ကျေးမှုကို သိရှိထိန်းသိမ်းနိုင်စေရန် သင်ပြပေးရန်ဖြစ်ပြီး ပြည်ထောင်စုကြီးတစ်ခုလုံး ဆက်သွယ်ပြောဆိုဆက်ဆံမှု ထိရောက်စေရေးအတွက် မြန်မာဘာသာစကားကိုလည်း တတ်မြောက်အောင် သင်ကြားပေးရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဦးကျော်လွင်၏တစ်ပိုင်တစ်နိုင်မွေးမြူရေးခြံသည် ၁၉၉၈ခုနှစ်မှ စတင်မွေးမြူလုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် နို့စားနွားကောင်ရေ ၃၀၊ နွားနောက် ၅၇ ကောင်နှင့် ဆိတ်ကောင်ရေ ၂၀ တို့ကို မွေးမြူထားသည်။

အလားတူ ဦးဒုထန်လျန်း၏ တစ်ပိုင်တစ်နိုင်မွေးမြူရေးခြံကို ၁၉၈၆ ခုနှစ်တွင် စတင်မွေးမြူလုပ်ကိုင်ခဲ့ပြီး လက်ရှိအခြေအနေတွင် နို့စားနွား ၃၆ ကောင်၊ နွားနောက် ၂၈ ကောင်ကို အောင်မြင်စွာမွေးမြူလျက်ရှိကြောင်း သိရှိရသည်။
(သတင်းစဉ်)

✻ **ကျောဖုံးမှ**

ကြိုးစားလုပ်ဆောင်မှုများကို ပြည်သူလူထုအားပါ ရယူပြီး ဆောင်ရွက်ရန် လိုကြောင်းဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယင်းမြို့နယ်အတွင်းရှိ ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်ခြင်းနှင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံအတွင်း ရှိရှိသမျှ ရပ်ကွက်၊ ကျေးရွာများနှင့် လူမှုစီးပွားရေး ကောင်းလျှင် တစ်နိုင်ငံလုံးကောင်းမှာ သေချာပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် တစ်နိုင်ငံလုံးနှင့် မဆိုင်သော်လည်း ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျေးရွာတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် အဓိကကျပြီး အခရာကျပါကြောင်း၊ ကိုယ့်တာဝန်ကို သိရန်နှင့် ကိုယ့်တာဝန်ကို ကိုယ်တာဝန်ကျေရန် လိုအပ်ပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများ၏ လိုအပ်ချက်အခက်အခဲများ၊ ဆန္ဒနှင့်သဘောထားများ၊ အသံများကို အသိနိုင်ဆုံး၊ အမြင်နိုင်ဆုံး၊ အကြားနိုင်ဆုံးပုဂ္ဂိုလ်များ ဖြစ်ပါကြောင်း၊ မိမိဖြေရှင်းပေးနိုင်သည်ကို ဖြေရှင်းပေးပြီး မဖြေရှင်းပေးနိုင်သည်များကို အထက်တင်ပြရန်လိုကြောင်း၊ အချို့ကိစ္စရပ်များကို ရပ်မိရပ်ဖများ၏ အကြံဉာဏ်ရယူဆောင်ရွက်ကြရန်နှင့် အချို့ကိစ္စများကို ပြည်သူ့ကိုယ်စားလှယ်များထံ တင်ပြဆောင်ရွက်ရန်လိုကြောင်း။

ဒီမိုကရေစီ ပြည်သူ့အုပ်ချုပ်ရေးစနစ်မှာ အောက်ခြေအကျဆုံး အသေးငယ်ဆုံးသော အုပ်ချုပ်ရေးမှူးများသည် တကယ်တမ်းတွင်မူ အခြေခံအကျဆုံး၊ အရေးအကြီးဆုံးဖြစ်သည့်အတွက် မိမိတာဝန်ကိုကျေရန် မည်သို့ လုပ်ဆောင်မည်၊ မည်သို့လုပ်ဆောင်ရမည်များကို လေ့လာပြီး အမြဲမပြတ်လေ့လာမှတ်သားဆောင်ရွက်ရမှာ ဖြစ်သည့်အတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလေ့လာပြီး တရားနည်းလမ်းကျကျ မျှမျှတတ ခွဲခြားခြင်းမရှိဘဲ ဆောင်ရွက်ပေးကြရန်နှင့် ရပ်မိရပ်ဖများ၊ ရွာမိရွာဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဥပဒေနှင့်အညီ ရွေးချယ်ပြီးစီးမှု၊ ၎င်းတို့၏လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများက ၎င်းတို့ ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်လွှာများကို ပေးအပ်ပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး နှစ်ဦးက ကျေးဇူးတင်စကားနှင့် ပေးအပ်သောတာဝန်များအား ကျေပွန်စွာထမ်းဆောင်မည်ဖြစ်ကြောင်း ကတိပြုစကားပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ဇေယျာသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ပေးနေမှုများ၊ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များနှင့် ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖများ တင်ပြသည့် ဒေသလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖများ၏ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဇေယျာသီရိမြို့နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် အကောင်းဆုံး စံပြမြို့နယ်တစ်ခု မဟုတ်သည့်တိုင် အကောင်းဆုံးမြို့နယ်များမှ မြို့နယ်တစ်ခုဖြစ်အောင်ကြိုးစားရန် လိုကြောင်း၊ အကောင်းဆုံးမြို့နယ်များထဲက မြို့နယ်တစ်ခု ဖြစ်ရန်ဆိုလျှင် အကောင်းဆုံးရပ်ကွက်၊ ကျေးရွာဖြစ်ရန် လိုကြောင်း၊ အကောင်းဆုံးရပ်ကွက်၊ ကျေးရွာများလာလျှင် အကောင်းဆုံးမြို့နယ်ထဲက မြို့နယ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ အကောင်းဆုံးမြို့နယ် ဖြစ်လာရန်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများလည်း ပါဝင်ရန်လိုကြောင်း၊ ဇေယျာသီရိမြို့နယ်၏ ထူးခြားချက်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရုံးစိုက်ရာ၊ နိုင်ငံအတွက်အားထားရာလုပ်ငန်းများစွာပါဝင်ပြီး ဦးစီးဦးဆောင်ပြုနိုင်သူများကို မွေးထုတ်ပေးနိုင်သော စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆေးကုသရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်တို့ပါရှိပြီး အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ရုံ၊ ဆာဖာရီဥယျာဉ်နှင့် ဇေယျာသီရိအားကစားရုံများ ပါဝင်သည့်အတွက် လွန်စွာထူးခြားသောမြို့နယ်တစ်ခု ဖြစ်သည့်အတွက် သဘာဝကျပြီး သဟဇာတဖြစ်စေသောမြို့နယ်ဖွံ့ဖြိုးရေးတိုးတက်ရေးကို စနစ်တကျ စီမံချက်ချ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် သက်ဆိုင်သူအားလုံးက စိတ်ကောင်းစေတနာအပြည့်ဖြင့် ဝိုင်းဝန်းပါဝင်လုပ်ဆောင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယနေ့အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ခင်လေးသက်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်သူများက ရွေးချယ်ပေးလိုက်သည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ရွာမိရွာဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။
(သတင်းစဉ်)

ဓာတ်ပုံသတင်းမြင်ကွင်း

ရထားမတော်တဆမှု လျော့နည်းပပျောက်ရေးလုပ်ငန်းများအား မြန်မာ့မီးရထားတိုင်း (၇) မန်နေဂျာရုံး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း မြို့ပတ်ရထားပလက်ဖောင်းပေါ်တွင် ဈေးသည်များနှင့်ကလေးများ ဆော့ကစားနေသည်မှာ ဘူတာသန့်ရှင်းသပ်ရပ်မှုကို အထောက်အကူမပြုသလို ရထားမတော်တဆမှုကို ဖိတ်ခေါ်သလိုဖြစ်နေသည့် သမိုင်းဘူတာပလက်ဖောင်းပေါ်တွင် ဈေးသည်များနှင့်ကလေးများ ဆော့ကစားနေသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။ **(ထွန်းဝင်း)**

သတင်းစာ၏ ရေးသားဖော်ပြမှုကြောင့် ပညာသင်စရိတ် စေတနာရှင်ပေါ်ပေါက်

သီပေါ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ဟောင်း (ဝိုင်းကောင်) ကျေးရွာတွင် အားဆေးဘူးခွံအတွင်း ထည့်ထားသောပိုးသတ်ဆေးကို အားဆေးထင်မှတ်၍ သောက်သုံးမိရာမှ မိသားစုငါးဦးအနက် မိဘနှစ်ဦးသေဆုံးသွားသော ရင်နင့်ဖွယ်သတင်းတစ်ပုဒ် ဖေဖော်ဝါရီ ၁၃ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သည်။

အဆိုပါသတင်းကို ဖတ်ရှုမိကြသည့် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဇဝနတာဝါနေ စေတနာရှင် ဒေါ်ထားထားဆိုသူက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ကြေးမုံသတင်းထောက်ထံသို့ ဆက်သွယ်ပြီး ကျန်ရစ်သူလူမမယ်မောင်နှမသုံးဦးဖြစ်သည့် စိုင်းခမ်းလိတ် (၁၆) နှစ်၊ စိုင်းရွှေအေး (၁၁) နှစ်နှင့် နန်းနှင်းနု (၅)နှစ်တို့၏ ကျန်းမာရေးအတွက် ဆေးဝါးကုသရန်ကူညီထောက်ပံ့ငွေများကို ပေးပို့လာသည့်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူနှင့် သတင်းရေးသူ မိမိတို့နှစ်ဦး ကျေးရွာအရောက် သွားရောက်ကာ ကျေးရွာလူကြီးများ ရှေ့မှောက်တွင် လှူဒါန်းငွေများကို ပေးအပ်ခဲ့သည်။**(အပေါ်ယာပုံ)**

လူမမယ်ကလေးငယ် သုံးဦး၏ ကျန်းမာရေးစောင့်ရှောက်မှု ငွေလှူဒါန်းခြင်းနှင့် ပတ်သက်၍ ကျေးရွာလူကြီး ဦးစိုင်းပြည့်က သတင်းစာ၏ ကျေးဇူးကြောင့် လူသားချင်းစာနာထောက်ထား ကရုဏာထားပြီး ယခုကဲ့သို့ ရပ်ဝေးမှ မမြင်ဖူးမသိဖူးသော စေတနာရှင်များ ဆက်သွယ်လှူဒါန်းကူညီစောင့်ရှောက်မှုအတွက် အထူးကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ဖော်ပြပါရန်ကုန်မြို့မှ သဒ္ဓါကြည်လင်စေတနာရှင် ဒေါ်ထားထားကပင် လူမမယ်ကလေး သုံးဦး၏ ပညာသင်ကြားရေးကုန်ကျစရိတ်ပါ လစဉ်ပေးပို့ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသိရှိရသဖြင့် စေတနာရှင်နှင့်ကြေးမုံသတင်းစာကိုပါ လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း စသည်ဖြင့် ပြောကြားသွားကြောင်း သိရသည်။

(၂၄၇)

ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာရပ်ကွက်၌မီးလောင်၊ နေအိမ် ၁၉ လုံး မီးလောင်ကျွမ်း

မန္တလေး ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာရပ်ကွက်၌ ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၁၉ လုံး မီးလောင်ကျွမ်းသွားသည်။

အိမ်ရှင်ဦးသန်းအောင် (၆၂) နှစ်ပိုင် (၇ ပေ×၈ ပေ)နှစ်ခန်းတွဲ မြေစိုက်ထရံကာသွပ်မိုးနေအိမ်မှ စတင်လောင်ကျွမ်းသည်ဟု မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။ မီးလောင်ရာသို့ မီးသတ်ကား ၃၅ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ခန့် ရောက်ရှိကာ ဝိုင်းဝန်းမီးငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။**(ဝဲပုံ)**

"မီးလောင်ခံရတဲ့ အိမ်တွေမှာ အိမ်ငှားနေသူတွေများတယ်။ ၁၂ ပွဲဈေးသည်တွေနေကြတာ။ မီးစလောင်လောင်ချင်း ပတ်ဝန်းကျင်က မသိလိုက်ကြလို့ လောင်တာများသွားတာဖြစ်တယ်" ဟု အိမ်နီးချင်းများက ပြောသည်။

မီးလောင်မှုကြောင့် (၇ ပေ×၈ ပေ) ထရံကာ သွပ်မိုးနေအိမ် ခြောက်လုံး (၁၅ ပေ×၆ပေ) ထရံကာသွပ်မိုးနေအိမ် သုံးလုံး၊ (၁၄ ပေ×၁၅ ပေ) ထရံကာသွပ်မိုးနေအိမ် ၁၀ လုံး စုစုပေါင်းနေအိမ် ၁၉ လုံး မီးသင့်ခံရကာ အိမ်ထောင်စု ၂၇ စု အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။ အိုးမဲ့အိမ်မဲ့ဖြစ်သွားသည့် အိမ်ထောင်စုဝင်များအား လောကမာရဇိန်ဘုရားဝင်းအတွင်း ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးထားပြီး ယာယီနေထိုင်စားသောက်နိုင်ရန် စီစဉ်ပေးထားသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ပုသိမ်ကြီးရဲစခန်းမှ (ပ) ၃၁/၂၀၁၃ ပုဒ်မ၊ ၂၈၅ ဖြင့် အရေးယူထားကြောင်း သိရသည်။ **(၀၀၂)**

ပြည်တွင်းရေးရာ

နေပြည်တော်ကောင်စီနယ်မြေတွင် ကားနှင့်ဆိုင်ကယ်တက္ကစီများကို စနစ်တကျဆောင်ရွက်တော့မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကားတက္ကစီများနှင့် ဆိုင်ကယ်တက္ကစီများ ခရီးသည် ရရှိရေးအတွက် အဝေးပြေးကားများ၏ အတက်အဆင်း တံခါးပေါက်ဝများတွင် ခရီးသည်များအား လုယက်ခေါ်ယူနေခြင်းကြောင့် မကြာခဏဆိုသလို ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းများအပြင် ခရီးသွားလုပ်သားပြည်သူများ စိတ်ညစ်ညူးစရာအတိ ဖြစ်ခဲ့ရသည်ကို နေ့စဉ်ထုတ်သတင်းစာများနှင့် အပတ်စဉ်ထုတ်ဂျာနယ်များတွင် မကြာခဏဆိုသလို ရေးသားဖော်ပြခဲ့ကြပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီရုံး၌ ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက် သဘောတူညီမှုအရ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့မဈေး၏အရှေ့ဘက်နှင့် တောင်ဘက် အဝေးပြေးဂိတ်ဝင်းနှစ်ခုနှင့် နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂသီရိကားဝင်းတို့တွင် ကားဂိတ်များအား သီးသန့်အကာအရံများအား သံဆန်ခါများဖြင့် ကာရံခြင်းလုပ်ငန်းအား စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ယခုလကုန်ပိုင်းခန့်တွင် ပြီးစီးမည်ဟု သိရသည်။ ကားဂိတ်တစ်ခုစီတွင် ဝင်ပေါက်၊ ထွက်ပေါက်နှစ်ခု ထားရှိမည်ဖြစ်ပြီး အထူးသဖြင့် ညအချိန်တွင် အဝင်၊ အထွက်အပေါက်အား တစ်ခုသာ အသုံးပြုမည်ဟုသိရသည်။

တာဝန်ခွဲဝေမှုအနေဖြင့် အပိုင်ရဲစခန်းမှ ရဲအရာရှိတစ်ဦးအပါအဝင် တပ်ဖွဲ့ဝင်ငါးဦးနှင့် စုစုပေါင်းခြောက်ဦး၊ ဈေးစည်ပင်သာယာမှ တာဝန်ရှိသူ ခြောက်ဦး၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ဝင် နှစ်ဦး၊ မထသမှ တာဝန်ကျ နှစ်ဦး စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်မည်ဖြစ်သည်။ သတိပေးဆိုင်းဘုတ်များလည်း ရေးသားတပ်ဆင်ထားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီမှ ခွင့်ပြုသတ်မှတ်ထားသည့် တရားဝင် ဆိုင်ကယ်ကယ်ရီ (ဝတ်စုံရှိသူ)များမှသာ ခေါ်ယူတင်ဆောင်ရန်၊ မရှိသူများအားလည်း စာရင်းပြုစု၍ မှတ်ပုံတင်ထားရှိရန်၊ ကားဝင်းအတွင်းရှိ ဈေးဆိုင်များမှ ဆိုင်ကယ်များ၊ ကားများအား စာရင်းပြုစု၍ ဝင်၊ ထွက်ခွင့်ပေးရန်၊ တာဝန်ရှိသူများမှလည်း ဘလက်တက္ကစီများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆိုင်ကယ်များကို ဝင်၊ ထွက်ခွင့်မပြုကြောင်း သိရသည်။

ယင်းဆောင်ရွက်ချက်အား မြို့မဈေးနှင့် ဘောဂသီရိကားဝင်းတို့ရှိ တာဝန်ခံများမှ ကြီးကြပ်မည်ဟု သိရပြီး ညအချိန်တွင် အဝေးပြေးယာဉ်များမှလွဲ၍ မည်သည့်ကားနှင့် ဆိုင်ကယ်တက္ကစီများ၊ ကိုယ်ပိုင်ယာဉ်များ လုံးဝ(လုံးဝ) ဝင်၊ ထွက်ခွင့်မပေးရန်နှင့် စည်းကမ်းစနစ်တကျဖြစ်စေရေးအတွက် ဇန်နဝါရီ ၁၆ရက်က နေပြည်တော်ကောင်စီရုံးတွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ ယခုအကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ရာ ကားဂိတ်များအား သံဆန်ခါကာရံရေးအတွက် ကွန်ကရစ်တိုင်များ စိုက်ထူနေခြင်း လုပ်ငန်းစတင်ဆောင်ရွက်နေပြီဖြစ်သည်။ လုပ်ငန်းပြီးဆုံး၍ အထက်ပါကဲ့သို့ဆောင်ရွက်ပါက “ခရီးသည်များ စိတ်ချမ်းမြေ့စေခြင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုများမရှိခြင်း၊ ခရီးသွားများပိုင်ဆိုင်သည့်ပစ္စည်းများ ပျောက်ဆုံးမှုမရှိစေခြင်း၊ မှုခင်းအတွက်လည်း ကြိုတင်ကာကွယ်ထားပြီးဖြစ်စေမည့်အပြင် လုံခြုံရေးအတွက်လည်း ပိုမိုစိတ်ချရမည်”ဟု တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။ ယင်းဆောင်ရွက်ချက်အား နေပြည်တော်ကောင်စီနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကော်မတီတို့၏အစီအစဉ်တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုကိုလွင် (နေပြည်တော်)**

ရမည်းသင်းမြို့ ရွာတန်းမြို့နယ်(ခွဲ)တွင် မေမြို့ပန်း အများအပြားစိုက်ပျိုး

ရမည်းသင်း ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွာတန်းမြို့နယ် (ခွဲ)အတွင်းရှိ ကျေးရွာများဖြစ်သော ရန်အောင်တောင်ပိုင်း၊ ရွာမ၊ ဥသျှစ်ပင်၊ ဆုံရွာထန်းပေါက်ပင်အစရှိသော ကျေးရွာများတွင် ပန်းစိုက်တောင်သူများမှာ မေမြို့ပန်းကို အများအပြားစိုက်ပျိုးကြသည်။ **(အောက်ဝဲပုံ)**

မေမြို့ပန်း အမျိုးပေါင်း ၁၀ မျိုးရှိရာ မေမြို့ ချိုချဉ် (ကြက်သွေးရောင်)နှင့် အဖြူရောင်တို့ကိုသာ အဓိကထား စိုက်ပျိုးကြသည်။ မေမြို့ပန်းစိုက်ပျိုးပါက ပျိုးသက်တစ်လ အပါအဝင် စုစုပေါင်းစိုက်ပျိုးချိန် လေးလဝန်းကျင်တွင် အပွင့်ရရှိသည်ဟုသိရပြီး တစ်ဧကလျှင် ပန်းစိုက်ပေါင် ၇၀ ကျော် ပြည့်ဝင်အောင် စိုက်ပျိုးနိုင်သည်။

မေမြို့ပန်းဈေးကွက်မှာ ပုံမှန်မရှိသော်လည်း ကြက်သွေးရောင်သည် ဈေးပိုရ၍ အဖြူရောင်သည် ဈေးနိမ့်သည်ဟု သိရသည်။

မေမြို့ပန်းတစ်ပင်လျှင် ငွေကျပ် ၃၀ နှုန်း ရောင်းချရပြီး ပန်းပွဲစားများမှာ ပန်းခင်းများအထိ လာရောက်၍ ဝယ်ယူကြသည့်အတွက် ပန်းစိုက်တောင်သူများမှာ လက်ငင်းငွေချေစနစ်ဖြင့် ရရှိကြသည်ဟု သိရပြီး ပန်းပွဲစားများက ဝယ်ယူရရှိသော မေမြို့ပန်းများကို ရမည်းသင်းမြို့၊ ပျော်ဘွယ်မြို့၊ တပ်ကုန်းမြို့နှင့် နေပြည်တော်သို့ တင်ပို့ရောင်းချကြသည်ဟု သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

(၂၇) နှစ်ဆက်တိုက် ရက်ပျက်မရှိ ဆရာမအား ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်၏ ပညာရေးအဆင့် အသီးသီးတို့တွင် သင်ယူနေသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်အောင် သင်ကြားပေးသော ဆရာ ဆရာမများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသူများဖြစ်သည်။

ဆရာဆိုသည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအနက် သင်ဆရာ၏အလုပ်သည် အပင်ပန်းဆုံးနှင့် အခက်ခဲဆုံးဖြစ်သည်။ ပင်ပန်းခက်ခဲသော်လည်း(၂၇)နှစ်ဆက်တိုက် ခွင့်ရက်မပျက်သော ဆရာမတစ်ဦး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အထက(၃)၌ ပေါ်ထွက်လာခဲ့သည်။

မရမ်းကုန်းမြို့နယ် အထက(၃) ၏ ၂၀၁၂-၂၀၁၃ ခုနှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြိုင်က (၂၇) နှစ်ဆက်တိုက် ခွင့်ရက်မပျက် ကျောင်းတက်မှန်ပြီး စာသင်ကြားပေးသည့်ဆုကို အလယ်တန်းပြဆရာမ ဒေါ်တင်မာဆွေအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့ ၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ဖြူဟွန်စိုးရုံလမ်း အမှတ် ၆၈၅ တွင် နေထိုင်သော **ဒေါ်ခင်သီတာမျိုး** [၁၄/မမန(နိုင်)၀၀၀၈၃၇]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် စာတမ်း အမှတ်အသားကို တစ်ဦးတည်း မူပိုင်ရှင်အဖြစ် မှတ်ပုံတင်အမှတ် ၄/၁၃၈၁၄/၂၀၁၂ ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၄/၁၃၈၁၄/၂၀၁၂

ဒေါ်ခင်သီတာမျိုး [၁၄/မမန(နိုင်)၀၀၀၈၃၇]သည် အထက်ပါကုန်အမှတ်တံဆိပ်နှင့် **VIVO TEXTILE** စာတမ်းအမှတ်အသားပါ အထည်အလိပ်၊ ဖျင်စ၊ ပိတ်စအမျိုးမျိုးဖြင့် အမျိုးသား အမျိုးသမီး ကြီး၊ လတ်၊ သေး ဆိုဒ်အမျိုးမျိုး ချုပ်လုပ်ထားသည့် အကျီ၊ စပို့ရှပ်၊ တီရှပ်၊ ဦးထုပ်၊ ထီး၊ ဖိနပ်အမျိုးမျိုးနှင့် လူအသုံးအဆောင်ပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများသို့ပါ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ၊ ဗိုလ်ချုပ်လမ်း၊ တိုက်(အေ-၁)၊ အခန်း (၀၀၄) မျိုးမျိုးအထည်ဆိုင်မှ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ဒေါ်ခင်သီတာမျိုး [၁၄/မမန(နိုင်)၀၀၀၈၃၇]သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် **VIVO TEXTILE** စာတမ်းအမှတ်အသားပါ လူသုံးကုန်ပစ္စည်းများ၏ Label ၊ ထုပ်ပိုးသော စက္ကူအိတ်၊ စက္ကူဗူး၊ စက္ကူပြား၊ စက္ကူဘူး၊ စက္ကူပုံး၊ ပလတ်စတစ်အိတ်၊ လက်ဆွဲအိတ်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်းအမျိုးမျိုးတို့ပေါ်တွင် အဆိုပါကုန်အမှတ်တံဆိပ် နှင့် အမည်အမှတ်အသားကို ပုံသဏ္ဌာန်၊ အရောင်၊ အရွယ်အစားအမျိုးမျိုး အသားတံဆိပ်ပြုလုပ်၍ ဖြစ်စေ၊ ဖိနှိပ်ကပ်နှိပ်၍ ဖြစ်စေ၊ အသုံးပြုကာ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်နှင့် **VIVO TEXTILE** စာတမ်းအမှတ်အသားကို ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား မှိုင်းမြင်၍ တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန် သတိပေးတားမြစ် အပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေနှင့်အညီ တားမြစ်၊ တရားစွဲ၊ လုပ်ငန်းများ ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသောင်းဆွေ	ဒေါ်ယဉ်ယဉ်အေး	ဦးဝင်းမောင်သန်း
B.A (Law), LL.B	B.A (Law), LL.B, LL.M	B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ

မင်းရာဇာဥပဒေရေးရာဝန်ဆောင်မှုလုပ်ငန်း

၃၂၆၊ တတိယထပ်(ဝဲ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၃၇၆၉၀၉

မကွေးမြို့ အခွန်လွတ်ဈေးနေရာပြောင်း

မကွေး ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် အခွန်လွတ်ဈေးကို ယခင်က ကန်သာရပ်ကွက် အေးစေတီဘုရား ပရိဝုဏ် အတွင်း၌ ရောင်းချခဲ့ရာမှ ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ ကန်သာရပ်ကွက် မဲဇလီလမ်းနှင့် အထက(၁)လမ်း လမ်းဆုံ၌ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက အဖွဲ့ဝင်ကိုးဦးပါသော အခွန်လွတ်ဈေးကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။

ကန်သာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက “၆ပေ×၅ပေ အကျယ်ရှိတဲ့ အကွက်ပေါင်း ၁၄၃ ကွက်ရိုက်ပြီး မဲနှိုက်၍ ဈေးသည်တွေကို နေရာချပေးပါတယ်။ အသားငါးနဲ့ ကုန်စိမ်းဈေးသည်တွေ နံနက် ၃ နာရီလောက်ကစပြီး နံနက် ၆ နာရီခွဲထိ ရောင်းကြတယ်၊ ဈေးထဲက ထွက်လာတဲ့ စွန့်ပစ်အမှိုက်များကို ဈေးသည်များ ကိုယ်တိုင် တာဝန်ယူ သန့်ရှင်းရေး ဆောင်ရွက်ပြီး စည်ပင်အမှိုက်ကားနဲ့ ပို့ကြတယ်။ ဈေးသိမ်းပြီးတာနဲ့ အဲဒီဈေးသည်တွေဟာ မြို့မဈေးကြီး၊ ကန်သာဈေး၊ ရန်ကင်းဈေးနဲ့ ရန်ပယ်ဈေးတွေကို ပြောင်းပြီး ရောင်းကြတယ်။ ကျွန်တော်တို့အုပ်ချုပ်ရေးအဖွဲ့ကတော့ လမ်းပိတ်ဆို့မှုမရှိအောင် နေ့စဉ်ကြီးကြပ်ပေးရတယ်။ နေ့စဉ် နံနက်ဝေလီဝေလင်း ဈေးထွက်ကြရတော့ လမ်းဘေးမီးတိုင်တွေကို မီးချောင်းတွေ စုဝယ်ပြီး တပ်ဆင်ကြတယ်။ ခုနေရာလေးကတော့ ရောင်းသူရော ဝယ်သူပါ အဆင်ပြေတဲ့နေရာလေးပါ” ဟု ရှင်းပြသည်။ **(မကွေးလှမြင့်)**

မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူရန် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်အထက် ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမားများဖိတ်ခေါ်ခြင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် မီးရှူးတိုင်လက်ဆင့်ကမ်းသယ်ယူရန်အတွက် ရွှေတံဆိပ်ဆုရှင် အားကစားသမား (စေတနာ့ဝန်ထမ်း) (၄၀)ဦး လိုအပ်ပြီး အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(၂) (ကျား/မ)မရွေး၊ အသက်အရွယ်ကန့်သတ်ချက်မရှိလျှောက်ထားနိုင်သည်။
(၃) အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့်အထက် ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့သူဖြစ်ရမည်။
(၄) ကျန်းမာရေးကောင်းမွန်ပြီး မီတာ (၄၀၀)ကို မနားတမ်း ခြေကြွပြေးနိုင်သူဖြစ်ရမည်။
(၅) ရွေးချယ်ခြင်းခံရပါက အကြိုဇာတ်တိုက်လေ့ကျင့်ခြင်း၊ ဖွင့်ပွဲအခမ်းအနား ကျင်းပဆောင်ရွက်စဉ်ကာလအတွင်း ဝတ်စုံနှင့် စားသောက်ရေး၊ နေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေးအစီအစဉ်များကို ပံ့ပိုးဆောင်ရွက်ပေးမည်။
(၆) လျှောက်ထားသူ၏ ရောင်စုံပတ်(စ်)ပို့ဓာတ်ပုံ သုံးပုံ၊ ကိုယ်ရေးမှတ်တမ်းနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံကို ဖော်ပြပြီး လျှောက်ထားရမည်။
(၇) လျှောက်ထားမှုကို (၃၁-၃-၂၀၁၃)ရက်နေ့ နောက်ဆုံးထားပြီး အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းလျှောက်ထားနိုင်သည်-
ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီရုံး၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၄၅၄
ဦးအုန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန၊ ဖုန်း-၀၉-၈၃၀၄၀၇၆၊ ၀၆၇-၄၀၆၁၈၃

ကြော်ငြာထားသည့် ခရီးစဉ်အတိုင်း အပြောင်းအလဲမရှိ ပို့ဆောင်ပေးသည့်အပြင် ခရီးစဉ်အားလုံး Nice ဖြစ်ရမည် ၊ ဈေးနှုန်းသည်း Fair ဖြစ်ရမည်။ ရက်ထွက်ခွာမည့်ခရီးစဉ်များ-
ဂျပန် ခရီးစဉ် (Tokyo , Yokohama , Kyoto , Nagoya , Osaka) (၇ ညအိပ် ၈ ရက်) Hotel ****
ဟောင်ကောင် ခရီးစဉ် (HongKong, Macau, Shenzhen) (၇ ညအိပ် ၈ ရက်) Hotel ****
ကိုရီးယား ခရီးစဉ် (Jeju, Busan, Gyeongju, Seoul) (၇ ညအိပ် ၈ ရက်) Hotel ****
Hotel ****
* ဗီဇာပြုလုပ်ရန် အထက်ပါ ခရီးစဉ်များအတွက် ကြိုတင်စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ခရီးစဉ်အသေးစိတ်သိရှိလိုပါက - Nice Fare Travel Co.,Ltd.

သရုပ်ဆောင် မင်းသား နီကိုးလပ်စ် ကေ့ချ်နှင့် မင်းသမီး အမ်မာစတုန်းတို့အား ၎င်းတို့ပါဝင်သရုပ်ဆောင်ထားသည့် The Croods ဇာတ်ကား၏ ဇာတ်ကောင်များနှင့်အတူ ဘာလင်ရုပ်ရှင်ပွဲတော်တွင် တွေ့ရစဉ်။

(၆၃)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ The Croods သရီးဒီဇာတ်ကား ပါဝင်ပြသ

20th Century Fox ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ထုတ်လုပ်ပြီး သရုပ်ဆောင် မင်းသား နီကိုးလပ်စ်ကေ့ချ်နှင့် မင်းသမီး အမ်မာစတုန်းတို့က အသံသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် The Croods အမည်ရှိ သရီးဒီဟာသဇာတ်ကားကို (၆၃)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ပြသခဲ့ရာ ပရိသတ်များ၏ အထူးအားပေးနှစ်သက်မှုကို ရရှိခဲ့သည်။

အဆိုပါ The Croods သရီးဒီဇာတ်ကား၏ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာမှာ ခရစ်ဒီမက်ကိုဖြစ်ပြီး ယင်းဇာတ်ကားကို နိုင်ငံတကာရုပ်ရှင်ရုံများသို့ ဖြန့်ချိပြသခြင်းကိုမူ မတ် ၂၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားသည် လူသားတို့က မီးကိုရှာဖွေတွေ့ရှိသည့် သမိုင်းမတင်မီကျောက်ခေတ်ကာလတစ်ခုကို ရည်ညွှန်းရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ပြီး အဆိုပါဇာတ်ကားတွင် Crood ၌ မိသားစု၏ အကြီးအကဲတစ်ဦးဖြစ်သူ Grug အဖြစ် မင်းသား နီကိုးလပ်စ်ကေ့ချ်က လည်းကောင်း၊ နေရာတကာတွင် စပ်စပ်စုစုနှင့် အရာရာကို လေ့လာစူးစမ်းချင်နေသော Grug ၏ သမီးအကြီးဖြစ်သူ Eep အဖြစ် အမ်မာစတုန်းကလည်းကောင်း နောက်ခံအသံသရုပ်ဆောင်များအဖြစ် ပါဝင်ပေးထားကြကြောင်း သိရသည်။

တောင်ကိုရီးယား၌ ပေါ့ပ်ဂီတအားကစားကွင်းတစ်ကွင်း ဆောက်လုပ်ရန်ပြင်ဆင်

တောင်ကိုရီးယားနိုင်ငံ Gyeonggi ပြည်နယ် အီဆန်မြို့ရှိ Hallyu World ပန်းခြံအတွင်းတွင် အနုပညာရှင်များအတွက် ဖျော်ဖြေပွဲများကျင်းပနိုင်ရန် အားကစားကွင်းတစ်ကွင်းကို ယင်းပန်းခြံအတွင်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ကိုရီးယားယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ Hallyu World ပန်းခြံအတွင်း အသစ်ဆောက်လုပ်မည့် အားကစားကွင်းတွင် ပရိသတ်တစ်သောင်းရှစ်ထောင်ကျော် လာရောက်ကြည့်ရှုနိုင်သော ဖျော်ဖြေပွဲခန်းမတစ်ခု၊ ထိုင်ခုံအလုံးရေနှစ်ထောင် ပါဝင်သည့် ခန်းမတစ်ခု၊ ပေါ့ပ်ဂီတပြတိုက်တစ်ခု၊ ပေါ့ပ်ဂီတအတွက် သင်ကြားရေးအဆောက်အအုံတစ်ခုတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအားကစားကွင်းတည်ဆောက်ရေးစီမံကိန်းအတွက် တောင်ကိုရီးယားဝမ် ဘီလီယံ ၂၀၀ ကျော် ကုန်ကျနိုင်ဖွယ်ရှိပြီး တည်ဆောက်ရန်မြေနေရာရွေးချယ်ရာတွင် နေရာပေါင်း ၁၈ နေရာကို လေ့လာဆွဲ၍ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားကွင်းတည်ဆောက်ရေးစီမံကိန်းကို ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်တည်ဆောက်သွားနိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်

၂၄၉၀ ယောက်မြောက် Walk of Fame အဖြစ် ဆိုင်မွန်ဘာကာအား ဂုဏ်ပြု

ဩစတြေးလျလူမျိုး သရုပ်ဆောင် ဆိုင်မွန်ဘာကာအား ၎င်းပါဝင်သရုပ်ဆောင်ထားသည့် The Mentalist တီဗွီရုပ်သံဇာတ်လမ်းတွဲ၌ ထူးချွန်ပြောင်မြောက်လှသော သရုပ်ဆောင်ချက်များကြောင့် အမေရိကန် ဟောလိဝုဒ်ရုပ်ရှင်လောက၏ အထင်ကရ ဂုဏ်ပြုဆုတစ်ခုဖြစ်သည့် Hollywood Walk of Fame ၏ ၂၄၉၀ ယောက်မြောက် အနုပညာရှင်အဖြစ် ဖေဖော်ဝါရီ ၁၄ ရက်က လော့စ်အိန်ဂျလိစ်မြို့၌ ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

အခြေခံ ပန်းချီသင်တန်း
အခြေခံမှစ၍ တစ်ဦးချင်း သင်ပေးသည်

ရွှေဥဒေါင်းမင်း 09421152677, 09421122687
55000

" Hotelier Only@ Elite "
ကုန်အမှတ်တံဆိပ်၏မူပိုင်ရှင်ဖြစ်ကြောင်းအများသိစေရန်ကြေညာချက်

ရွှေစံမီကုမ္ပဏီလီမိတက်မှတ်ပုံတင်အမှတ်-(၂၆၈၈/၂၀၁၁)၏ဒါရိုက်တာများဖြစ်ကြသောဒေါ်လှစုရှိန် (၁၂/ဗဟတ(နိုင်)၀၁၈၇၀၅)နှင့် ဒေါ်ဝါဝါလှိုင်(၉/မရမ(နိုင်)၀၇၉၀၅၆)တို့၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်းကြေညာအပ်ပါသည်။

Hotelier only@Elite

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော"Hotelier Only@ Elite"အမှတ်တံဆိပ်ကိုရွှေစံမီကုမ္ပဏီလီမိတက် (၂၆၈၈/၂၀၁၁) ၏မူပိုင်ကုန်အမှတ်တံဆိပ် အဖြစ်သုံးစွဲရန် အတွက်ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်မှတ်ပုံတင်အမှတ်(၄/၁၁၀၀-၁၅၇၂၂) ဖြင့်တရားဝင်မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိဟိုတယ်၊တည်းခိုခန်း၊စားသောက်ဆိုင်များသို့ မိမိတို့ကုမ္ပဏီမှ" Elite Hotel Supply"အနေဖြင့် ၎င်းလုပ်ငန်းနှင့်သက်ဆိုင်သောပစ္စည်းမျိုးစုံအား"၂၀၀၇"ခုနှစ်ကတည်းမှဖြန့်ဖြူးရောင်းချခဲ့ရာယခုအခါဖော်ပြပါ"Hotelier Only@ Elite"ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့်လည်းရေချိုးခန်းသုံးမျက်နှာသုတ်ပုဝါအရောင်အမျိုးမျိုး၊အရွယ်အစားအမျိုးမျိုးတို့အားဆက်လက် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ မူပိုင်မှတ်ပုံတင်ထားသည့်ဖော်ပြပါ "Hotelier Only @ Elite" ဖြင့်ရွှေစံမီကုမ္ပဏီလီမိတက် " Elite Hotel Supply"မှဖြန့်ဖြူးရောင်း ချမည့်ဟိုတယ်နှင့်သက်ဆိုင်သော မည်သည့်ကုန်ပစ္စည်း၌မဆို ကပ်နှိပ်သုံးစွဲသွား မည်ဖြစ်ပြီး တုပ်ပိုး ထည့်သွင်း မည့်ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ စက္ကူကတ်ထူပုံး၊ သေတ္တာပုံး၊ စာရွက်စာတမ်း၊ လက်ကမ်း ကြော်ငြာ၊ ဆိုင်းဘုတ်၊ ပြေစာဖြတ်ပိုင်းတို့တွင်လည်းရိုက်နှိပ်၍၊ကပ်နှိပ်၍ ဖော်ပြသုံးစွဲသွားမည်ဖြစ်ပါသည်။ထို့ကြောင့်အဆိုပါကုန်အမှတ်တံဆိပ်ကိုအခြားသူ တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေပုံတူပုံမှား၊ ထင်ယောင်ထင်မှား ဖြစ်စေရန်တစ်စိတ် တစ်ဒေသဖြစ်စေ၊ တစ်ခုလုံးဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထပ်တူထပ်မျှ ဖြစ်စေသုံးစွဲခြင်း မပြုကြရန်သတိပေးတား မြစ်အပ်ပါသည်။အကယ်၍ လိုက်နာခြင်းမရှိပါကတည်ဆဲဥပဒေနှင့်အညီထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုခိုလှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)
အေရှပလာဇာ၊ အခန်း (၀၂-၂၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း (အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၃၀၁၃၉၁၁၇၊ ၀၉-၅၁၁၂၀၅၁

Green Tour Travel & Tour Agency
Tour started date
3. March.13
13.April.13
(Booking Now,Get discount now!)
4 Days 3 Nights -47,0000Kyats (Classic Package)
5 Days 4 Nights -57,0000 (Gold Package)
6 Days 5 Nights -77,0000 (Dimond Package)
6 Days 5 Nights -72,0000Kyats (Classic Package)
6 Days 5 Nights -10,20000 (Gold Package)
7 Days 6 Nights -15,20000 (Dimond Package)
50,000 kyat
Hot Line,09-450025330,09-421040178,09-5061048,09-450067677

" Patra "တံဆိပ်ကြွေထည်ပစ္စည်းများ၏
အရောင်းကိုယ်စားလှယ်ဖြစ်ကြောင်းကြေညာချက်

ရွှေစံမီကုမ္ပဏီလီမိတက်SHWE SANHMI CO.,LTDမှတ်ပုံတင်အမှတ် (၂၆၈၈/၂၀၁၁)၏ဒါရိုက်တာများဖြစ်သောဒေါ်လှစုရှိန်(၁၂/ဗဟတ(နိုင်)၀၁၈၇၀၅) ဒေါ်ဝါဝါလှိုင်(၉/မရမ(နိုင်)၀၇၉၀၅၆)တို့၏ညွှန်ကြားချက်အရကြေညာအပ်ပါသည်။
"Patra"တံဆိပ်ကြွေထည်ပစ္စည်းအမျိုးမျိုးထုတ်လုပ်သူ No.54 Mool, Liabklong Rapeepat Road, Nongpling Nong Khae, Saraburi Bangkok, Patra Porcelain Co.,ltd. Reg No. Kor 197364သည်"Patra"ကြွေထည်ပစ္စည်း အမျိုးမျိုးကိုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြန့်ဖြူးရောင်းချရန် ရွှေစံမီကုမ္ပဏီလီမိတက်"သို့အရောင်း ကိုယ်စားလှယ်ပေးအပ်ထားကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခိုခိုလှိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၃၅၄)
အေရှပလာဇာ၊ အခန်း (၀၂-၂၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း (အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၇၃၀၁၃၉၁၁၇၊ ၀၉-၅၁၁၂၀၅၁

ရီးဒင်းနှင့်ပွဲစဉ်တွင် ထည့်သွင်းကစားရန် ဖာဂူဆန်အား ဗန်ပါစီတောင်းဆို

နယ်သာလန်နှင့် မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီက ဖေဖော်ဝါရီ ၁၈ ရက်တွင် မန်ယူအသင်း၏ ရီးဒင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် ၎င်းအားထည့်သွင်းကစားရန် မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်ကို တောင်းဆိုလိုက်ကြောင်း သိရသည်။

မန်ယူအသင်းမှ ဂလက်စဂိုးမြို့သား နည်းပြကြီး ဖာဂူဆန်သည် ရီးဒင်းအသင်းနှင့် ယှဉ်ပြိုင်ရမည့် အက်ဖ်အေဖလားပွဲစဉ်အပြီးတွင် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ရှုံး/ထွက်ပွဲစဉ် ဒုတိယအကျော့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် မန်ယူအသင်းအတွက် အဓိကအားထားရသည့် ကစားသမားများကို ကြားပွဲစဉ်များတွင် အနားပေးထားရန် စီစဉ်ထားခဲ့သည်။

ထို့ကြောင့် မန်ယူအသင်းအတွက် အရေးပါလာသော ကာလဖြစ်သည့် လက်ရှိအချိန်တွင် အနားပေးထားခြင်းကို မလိုလားဘဲ အသင်းအတွက် ပါဝင်ကစားပေးလိုကြောင်း ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၂၂ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည့် မန်ယူတိုက်စစ်မှူး ရော်ဘင်ဗန်ပါစီက နည်းပြဖာဂူဆန်အား ယခုကဲ့သို့ တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ရမည့်ပွဲစဉ်သည် မန်ယူနည်းပြ ဖာဂူဆန်အတွက် အလွန်အရေးပါသော ပွဲစဉ်ဖြစ်သော်လည်း ရီးဒင်းအသင်းနှင့် ကစားရမည့် အက်ဖ်အေဖလားပြိုင်ပွဲသည်လည်း အရေးပါကြောင်း၊ ရက်ရှည် အနားမယူဘဲ ရီးဒင်းအသင်းနှင့် ပွဲစဉ်တွင် ပါဝင်ကစားလိုကြောင်း တိုက်စစ်မှူး ဗန်ပါစီက ဆိုသည်။

ကမ္ဘာ့အကောင်းဆုံး ဂိုးသမား ဒီဂီယာဖြစ်လာနိုင်ကြောင်း ဟာနန်ဒက်ဇ်ဆို

မန်ယူအသင်း၏ လက်စွမ်းပြဂိုးသမား ဒေးဗစ်ဒီဂီယာသည် လာမည့်နှစ်နှစ်တာ ကာလအတွင်း ကမ္ဘာ့အကောင်းဆုံးဂိုးသမားတစ်ဦးဖြစ်လာနိုင်ကြောင်း မန်ယူအသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် ဂျာဗီယာ ဟာနန်ဒက်ဇ်က ပြောကြားခဲ့သည်။

မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာသည် ၂၀၁၁ ခုနှစ်တွင် စပိန်လာလီဂါကလပ် အက်သလက်တီကို မက်ဒရစ်အသင်းမှ အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး လက်ရှိအချိန်သည် ၎င်းတို့အတွက် အကောင်းဆုံးအချိန်လည်းဖြစ်ကြောင်း ဆိုသည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် မန်ယူအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်ခဲ့သော ချန်ပီယံလိဂ် (၁၆)သင်းအဆင့် ရှုံး/ထွက်ပွဲစဉ် ပထမအကျော့တွင် မန်ယူအသင်းအတွက် ရီးယဲလ်မက်ဒရစ်ကစားသမားများ၏ ဂိုးပေါက်ခြိမ်းခြောက်မှုကို အကောင်းဆုံးဟန့်တားနိုင်ပြီးနောက် လာမည့်နှစ်နှစ်အတွင်း ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ ဂိုးသမားတစ်ဦးဖြစ်လာနိုင်ကြောင်း ဟာနန်ဒက်ဇ်က ပြောကြားခဲ့သည်။

ထို့အပြင် ဒေးဗစ်ဒီဂီယာသည် ထိပ်တန်းအဆင့်ရှိ ဂိုးသမားတစ်ဦးဖြစ်သည်ကို လူတိုင်းသိရှိကြကြောင်းနှင့် မန်ယူအသင်းက ၎င်းအား ဝယ်ယူခဲ့သည်မှာလည်း ယင်းအချက်ကြောင့်ဖြစ်ကြောင်း ဟာနန်ဒက်ဇ်က ဆိုသည်။



လူးကပ်ဘစ်ဂလီယာအား ပေါင် ၄ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် လီဗာပူးအသင်းမန်နေဂျာ ဘရန်ဒန်ရော့ဂျာ စီစဉ်လျက်ရှိ

လီဗာပူးအသင်းနည်းပြ ဘရန်ဒန်ရော့ဂျာသည် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူရန် ပြင်ဆင်လျက်ရှိရာ အန်ဒါလက်ချ်ကစားသမား လူးကပ်ဘစ်ဂလီယာအား ပြောင်းရွှေ့ကြေးပေါင် ၄ ဒသမ ၅ သန်းဖြင့် ခေါ်ယူသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လူးကပ်ဘစ်ဂလီယာသည် ပြောင်းရွှေ့ကြေးပေါင် ၈ သန်းဖြင့် ပေးခေါ်မှသာရရှိမည့် ကစားသမားတစ်ဦးဖြစ်သော်လည်း အဆိုပါကစားသမားအား ၄ ဒသမ ၅ သန်းဖြင့် ခေါ်ယူရရှိနိုင်ရေး အနီးကပ်စောင့်ကြည့်မှုများကို ပြုလုပ်ထားလျက်ရှိကြောင်း လီဗာပူးအသင်းမန်နေဂျာ ဘရန်ဒန်ရော့ဂျာက ဆိုသည်။

အသက် (၂၇)နှစ်အရွယ်ရှိ ဘစ်ဂလီယာသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အန်ဒါလက်ချ်အသင်းကို စွန့်ခွာဖွယ်ရှိနေပြီး အန်ဒါလက်ချ် အထွေထွေမန်နေဂျာ ဟာမန်ဗန်ဟိုးလ်စဘိခ်အနေဖြင့်လည်း လာမည့်အပြောင်းအရွှေ့ဈေးကွက်အတွက် ဘစ်ဂလီယာကို ယူရို ၅ ဒသမ ၅ သန်းရရှိပါက ရောင်းချလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဘစ်ဂလီယာ၏ လက်ရှိ အန်ဒါလက်ချ်အသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၁၅ ခုနှစ်မှ ကုန်ဆုံးမည်ဖြစ်ပြီး ၎င်းအား လီဗာပူး၊ ရီးယဲလ်မက်ဒရစ်၊ နာပိုလီနှင့် ဖီအိုရင်တီးနားအသင်းတို့၏ စိတ်ဝင်စားမှုခံထားရသည့်အပြင် ဆောက်သမ်တန်အသင်းနည်းပြချုပ် ရိုချက်တီနိုကလည်း ခေါ်ယူရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း ပြောကြားခဲ့သည်။

နိုင်လင်းကြည်

ပရဟိတ ကလေးများဘဝ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ မြို့ဦးပရဟိတ(ဘ/က)၊ (လူငယ်စောင့်ရှောက်ရေးဌာန)ကို ၂၀၁၁ ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး၊ ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ကျောင်းသူကလေးပေါင်း (၂၅၄)ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၂)နှစ်တာခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင် အားနည်းခြင်းစသော အကြောင်းများကြောင့် လိုအပ်ချက်များစွာ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန်များလိုအပ်ခြင်း၊ အဝတ်အစားနှင့် စာအုပ်၊ စာရေးကိရိယာများ လိုအပ်ခြင်းတို့သည် အရေးအကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင် ပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော်-ဖုန်း-၀၉ ၄၉၃၁၅၃၇၀၊ ၀၉ ၄၅၀၀၂၉၆၄၈၊ ၀၅၇-၆၆၃၀၂

၂။ ဦးအောင်လွင်+ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့် ကမ္ဘာကျော် ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇ လမ်း(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅၊ ၀၉-၅၁၄၉၂၀၈

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော်၊ Alpine သောက်ရေသန့်ကိုယ်စားလှယ်မိသားစု
ပုဇွန်တောင်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

ငှားလိုသည်
ရှေ့ဆွဲ Van, ဒီဇယ်
၂က/-----ငှားမည်
ဖုန်း-၀၉၅၁၆၆၉၃၇

သားသမီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်းနှင့် သက်ဆိုင်သူများနှင့် အများပြည်သူများသိသာပါရန် ကြေညာချက်များကို ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော်ဦးကျော်သိန်း(ထားဝယ်) မှတ်ပုံတင်အမှတ် [၁၂/ပဇတ(နိုင်)၀၂၅၈၈၅] တိုက်အမှတ်(၁၉)၊ အခန်း(၈)၊ ဦးဝိစာရရိပ်သာ၊ ဒဂုံမြို့နယ်တွင်နေထိုင်သူသည် ၂၅-၁၂-၂၀၁၂ရက်စွဲဖြင့် ကြေးမုံသတင်းစာတွင် သားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကိုလည်းကောင်း၊ ၃၁-၁-၂၀၁၃ရက်စွဲဖြင့် Venus News Weekly ဂျာနယ်တို့တွင်လည်းကောင်း၊ ၆-၂-၂၀၁၃ ရက်စွဲဖြင့် ကြေးမုံသတင်းစာနှင့် ၁၄-၂-၂၀၁၃ ရက်စွဲဖြင့် ကြေးမုံသတင်းစာတို့တွင် သက်ဆိုင်သူများနှင့် အများပြည်သူများ သိသာပါရန်ကိုလည်းကောင်း ထည့်သွင်းကြေညာခဲ့ပါသည်။

အဆိုပါကြေညာချက်များကို မိသားစုဖြစ်လေ့ဖြစ်ထရှိသည့် မကျေနပ်မှုကြောင့် ဆောတလျင်ကြေညာခဲ့မိခြင်းသာဖြစ်ပြီး ယခုအခါ သားကောင်းဖခင်တို့၏ သဘာဝအတိုင်း ပြေလည်ပြီးငြိမ်းသွားပြီဖြစ်ပါသဖြင့် ယင်းကြေညာချက်များကို ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပါကြောင်း သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

ဦးထွန်းထွန်းဦး-ဒေါ်မာမာ၊ ဒေါ်မြရီ၊ သားသမက် ဦးဝင်းနိုင်တို့သည် ဤကိစ္စနှင့် လုံးဝပတ်သက်သူများမဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။

(စုံစမ်းမေးမြန်းနိုင်ပါသည်။) (ဖုန်း-၄၂၀၁၁၉၀၁၈)

ဦးကျော်သိန်း(ထားဝယ်)
[၁၂/ပဇတ(နိုင်)၀၂၅၈၈၅]
တိုက်-၁၉၊ အခန်း-၈၊ ဦးဝိစာရရိပ်သာ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

ဝါယာရှော့ဖြစ်၍ မီးလောင်မှု ပေါက်ခေါင်းမြို့တွင် ဖြစ်ပွား

ပေါက်ခေါင်း ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့ ပြည်-ပေါက်ခေါင်း- တောင်ငူလမ်းအမှတ် (၃/၁၂၂)ရှိ ဦးမောင်မောင်(ခ) ဦးသန်းဦး (ဟိန်းမိတ္တူလုပ်ငန်း) နေအိမ်တွင် မီးပျက်၍ မီးစက်ဖြင့် မိတ္တူလုပ်ငန်း ဆောင်ရွက်နေစဉ် နေအိမ်အပေါ်ထပ်မှ ဝါယာရှော့ဖြစ်၍ ဖောင်းခနဲအသံကြားသဖြင့် သားဖြစ်သူ မောင်ဇေမျိုးဟိန်း (ခ)ဇေကြီးက အပေါ်ထပ်သို့ တက်ကြည့်ခဲ့ရာ နေအိမ်ခေါင်မိုးတွင် မီးလောင်ကျွမ်းခဲ့သည်ဟု ဆို၏။ ၎င်းတို့အိမ်မှတစ်ဆင့် ဦးလှမောင် အိမ်အမှတ်(၃/၁၂၀) နေအိမ်အား ကူးစက်လောင်ကျွမ်းခဲ့သဖြင့် ပေါက်ခေါင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ကား သုံးစီး၊ ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ မီးသတ်ယာဉ် တစ်စီး၊ ပြည်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် နှစ်စီး၊ ပေါင်းတလည် အရန်မီးသတ်မှ မီးသတ်ယာဉ် တစ်စီး၊ ပြည်အရန်မီးသတ်မှ မီးသတ်ယာဉ် နှစ်စီး စုစုပေါင်း မီးသတ်ယာဉ် ကိုးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ၄ နာရီ ၄၅ မိနစ်ခန့်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး ၅ နာရီ ၂၀ မိနစ်ခန့်တွင် လုံး၀ မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးမောင်မောင်၏ လေးပင်ပတ်လည် အုပ်ညှပ်နှစ်ထပ်တိုက် သွပ်မိုးအိမ်တစ်လုံး၊ ဦးမင်းစိန်၏ လေးပင်ပတ်လည် အုပ်ညှပ်နှစ်ထပ်တိုက် သွပ်မိုးအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး လူ ၁၀ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သောကြောင့် မီးစတင်လောင်ကျွမ်းခဲ့သည့် နေအိမ်ပိုင်ရှင် ဦးမောင်မောင်အား အရေးယူပေးရန် ပေါက်ခေါင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ယာယီစခန်း တာဝန်ခံ တပ်ကြပ်ကြီးတင်အောင်မိုးက တိုင်တန်းသဖြင့် ပေါက်ခေါင်းရဲစခန်းက အမှုဖွင့်အရေးယူခဲ့ပြီး ဒုရဲအုပ်မောင်မောင်ခိုင်စိုးက လက်ခံစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

မောင်နှမနှစ်ဦးရန်ဖြစ်၊ မောင်သေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၃ ရက် ည ၇ နာရီခန့်တွင် ဒဂုံဆိပ်ကမ်းမြို့နယ် (၈၈)ရပ်ကွက် ရွှေဟင်္သာလမ်းအမှတ် (၂၄၁) နေ မတင်အေးမူ (၄၆)နှစ်သည် အိပ်ခန်းအတွင်း အိပ်နေစဉ် မောင်အရင်း ဝင်းထွေးအောင်(ခ)ရှမ်းလေး (၃၈)နှစ်(စိတ်ဝေဒနာရှင်) သည် အိပ်ခန်းအတွင်းဝင်လာပြီး "ငါ့ပါးကိုရိုက်တာ နင့်ကို မကျေနပ်ဘူး၊ သတ်ပစ်မယ်"ဟု ပြောဆိုကာ အသင့်ယူဆောင်လာသော အရိုးအသွား ငါးလက်မခန့်ရှိ ဓားဦးချွန်ဖြင့်ထိုး၍ မတင်အေးမူက ဓားအားလုယူ၍ ပြန်လည်ခုခံရာ ဝင်းထွေးအောင်(ခ) ရှမ်းလေးတွင် ဝဲရင်အုံထိုးသွင်းဒဏ်ရာလေးချက်ရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားသဖြင့် မတင်အေးမူအား အရေးယူပေးရန် ရဲအုပ်ထွန်းတင် (စခမ)က တရားလိုပြုတိုင်တန်းမှုကို ဒဂုံဆိပ်ကမ်းရဲစခန်းက (ပ)၆၃/၁၃၊ ပုဒ်မ ၃၀၂ ဖြင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် အမှုဖွင့်ပြီး တရားခံအား ဖမ်းဆီးစစ်ဆေးလျက်ရှိသည်။ **(၃၁)**

ရထားတွဲချော်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ပျဉ်းမနားဘူတာမှ ထွက်ခွာလာသော ရထားအမှတ် ၁၀၁ အဆန် စာပို့ရထားသည် နံနက် ၆ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သက်ငယ်ချင်း (သက်ကယ်ချောင်း) ကျေးရွာအနီး ပျဉ်းမနား-တောင်တွင်းကြီး မီးရထားလမ်း မိုင်တိုင် (၂၃၁/၁၈) နှင့် (၂၃၂/၁၈) ကြား၌ တွဲချော်မှုဖြစ်ပွားခဲ့ရာ လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ တွဲ ငါးတွဲ လမ်းချော်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **သူဇာလှိုင်(မန်းတက္ကသိုလ်)**

အမည်မသိဦးခေါင်းပြတ် အမျိုးသမီးအလောင်းတွေ့ရှိ

ဖြူး ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇဟားကျေးရွာ ရန်ကုန်-မန္တလေး (ပုံမှန်)ကားလမ်း မိုင်တိုင်အမှတ် (၁၃၉/၁) နှင့် (၁၃၉/၂) အကြားရှိ တံတားအမှတ် (၁၄၀/၁) ဇဟားချောင်းတံတားအောက် အနောက်ဘက်ကမ်းစပ်တစ်နေရာတွင် မသင်္ကာဖွယ်ရာ ပီနံအိတ်ကြီးတစ်လုံး တွေ့ရှိကြောင်း သတင်းရရှိ၍ ဖြူးရဲစခန်းက သွားရောက်စစ်ဆေးရာ ပီနံအိတ်ထဲတွင် အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုပ်ထားလျက် ဦးခေါင်းပြတ် (ဦးခေါင်းမပါ) အသက် (၂၀) ဝန်းကျင်ခန့် အမည်မသိ အမျိုးသမီးတစ်ဦး၏ အလောင်းတစ်လောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။ ထို့နောက် ဦးခေါင်းအား ဆက်လက်ရှာဖွေရာ ညနေ ၃ နာရီတွင် မိုင်တိုင်အမှတ် (၁၃၈/၂)မှ (၁၃၈/၃)ကြား ရန်ကုန်-မန္တလေးကားလမ်းနှင့် ရထားလမ်းကြား ကွင်းပြင်ထဲတွင် ရှာဖွေတွေ့ရှိခဲ့၍ ဖြူးရဲစခန်းမှ (ပ)၃၆/၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် စုံစမ်းအရေးယူလျက်ရှိကြောင်း သိရသည်။

ကျော်စွာ (တောင်ငူ)

ဆိုင်ကယ်ကယ်ရီမောင်းသူနှစ်ဦး ရန်ဖြစ် ဆိုင်ကယ်ပေါ်မှ တစ်ဦးပြုတ်ကျသေဆုံး

ပဲခူး ဖေဖော်ဝါရီ ၁၇

ပဲခူးမြို့ ဆည်မြောင်းလမ်းထိပ်တွင် ဖေဖော်ဝါရီ ၆ ရက်က ကိုသက်မင်းထွန်း (၃၉)နှစ် ဆိုင်ကယ်ကယ်ရီမောင်းသူနှင့် ကျော်မြင့်ဦး(ခ)ဆံရှည် (၃၆)နှစ် ဆိုင်ကယ်ကယ်ရီမောင်း၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၇) ပဲခူး မြို့နေသူတို့နှစ်ဦး စကားများရန်ဖြစ်ခဲ့ကြရာမှ လက်သီးနှင့်ထိုး ခြေထောက်ဖြင့် ကန်ခဲ့၍ သက်မင်းထွန်းမှာ ဆိုင်ကယ်ပေါ်မှပြုတ်ကျပြီး ပဲခူးဆေးရုံသို့တင်ပို့ခဲ့ရာ သေဆုံးခဲ့သဖြင့် ပဲခူးမြို့ အမှတ်(၃) ရဲစခန်းက ကျော်မြင့်ဦး (ခ) ဆံရှည်အား အရေးယူထားကြောင်း သိရသည်။ **(၅၈၈)**

ထမင်းချက်စဉ် ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွား

မုံရွာ ဖေဖော်ဝါရီ ၁၇

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင်(မြောက်)ရွာ၌ ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီခန့်က မီးဖိုချောင်ပေါ့ဆမီးမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။**(ယာပုံ)**

မိုးကြိုးပြင်(မြောက်)ရွာနေ ဦးညဏ်မောင်၏ မီးဖိုချောင်မှ ထမင်းချက်စဉ် ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းခဲ့ရာ အိမ်ခြေ ရှစ်လုံး၊ နွားစာတဲ တစ်လုံး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ မုံရွာမြို့နယ်တို့မှ မီးသတ်ယာဉ်များအပါအဝင် မြန်မာ-ဝမ်ပေါင် ကုမ္ပဏီနှင့် မြန်မာ-ယန်စီ ကုမ္ပဏီတို့မှ မီးသတ်ယာဉ်များနှင့် ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ ညနေ ၅ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးဘေးသင့် အိမ်ထောင်စုဝင်များအား မိုးကြိုးပြင်(မြောက်)ရွာ ဘုန်းတော်ကြီးကျောင်း၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
ဂုဏ်ထူး ဦးအောင်ခိုင်
Grammar & Essay ခွေ့ သင်တန်း
၂၅၂-ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 430 85263

ဦးအောင်ဟိန်းကျော်
အင်္ဂလိပ်စာ ရေးနည်း
အင်္ဂလိပ်စကားပြော
• 3924468 09517184

ဘရာအာသာ SUCCESS Language Academy 202046 256954 0949249463
Y.W.C.A
Morning Section -10 to 12:00 Mon to Thurs
Evening Section - 3 to 5:00
March 11
Basic English Speaking
7:30-10:30 Sat+Sun 23 Feb
7:30 - 9 Mon-Thurs 25 Feb
3:30 - 5 Mon-Thurs 25 Feb
Four Skills English (Basic)
7:30 - 9 Mon-Thurs 18 Feb
3 - 5:00 Mon-Thurs 18 Feb
2 - 5:00 Sat+Sun 23 Feb
Pre-Intermediate (4-Skill English)
3:30 - 5 Mon-Thurs 18 Feb
7:30 - 9 Mon-Thurs 25 Feb
Intermediate (Academic English)
2 - 5:00 Sat+Sun 16 Feb
7:30 - 9 Mon-Thurs 25 Feb
Vocab Enrichment Feb 11, 16
Basic Grammar Feb 16, 25
Intermediate Grammar Feb 25 Mar 23
Basic Writing Feb 18 Mar 9
Intermediate Writing Feb 18 Mar 16
IELTS သင်တန်းများ
IELTS Four Skills Feb 25 Mar 11
IELTS Speaking+Vocab Feb 25 Mar 4
IELTS Reading+Vocab Feb 25
IELTS Writing+Grammar Feb 16
Essay, Letter + Grammar
Sat + Sun (10-12:00)
Marlins English သင်တန်း: 4:30-7:30 (Sat+Sun) 9 Feb

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 10000

380164
09 5017088
09 8626524

KMD Quality Management System ISO 9001:2008
LCCI Accounting (Level I + II,III)
BE(Textile) Pass with credit,DA (LCCI,UK)
KMD Certificate
LCCI LCCI(UK) Certificate
Duration: (5) Months
Level I + II
18-Feb-2013 (Mon,Tue,Wed,)
2:00pm-5:00pm

NIEC SUMMER 2013
နိုင်ငံတကာသင်ရိုးညွှန်းတမ်းသင်ကြားလိုသောကျောင်းသားများအတွက်..
Special Classes Available
Pre-School
Primary
Secondary
IGCSE
English Language
Computer
Art
Chinese
Get Free Polo-Shirt & 5 to 10 % Discount till 20 Feb
No.27,Dhamayon Street,Kanbe',Yankin Tsp,Yangon.Ph: 01 8550 727 ,8550 728

အထက်မြန်မာပြည်သတင်း

စိတ်ဝင်စားဖွယ်များစွာရှိသော ညောင်ကန်ကြေးခေတ်ယဉ်ကျေးမှုဒေသသို့ သွားရောက်လေ့လာသင့်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်စံပြကျေးရွာ ကြေးခေတ်ယဉ်ကျေးမှု ဒေသတွင် ကြေးခေတ်ယဉ်ကျေးမှုကာလက မြှုပ်နှံသင်္ဂြိုဟ်ထားခဲ့သည့် အရိုးစုရုပ်ကြွင်းများအား ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ထိန်းသိမ်းထားရှိရာ သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။ ကြေးခေတ်ယဉ်ကျေးမှုကာလမှ မြှုပ်နှံထားခဲ့သည့် ရုပ်ကြွင်းများကို ၁၉၉၇ ခုနှစ်က တူးဖော်တွေ့ရှိခဲ့ခြင်း ဖြစ်ပြီး ရှေးဟောင်းရုပ်ကြွင်းအရိုးစုများနှင့် အသုံးအဆောင်ပစ္စည်းများအား ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရန် အမိုးအကာပါ ပြတိုက်ဆောင်များ ဆောက်လုပ်ထားရှိကာ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

ရှေးဟောင်းကြေးခေတ်ရုပ်ကြွင်းအရိုးစုများ တွေ့ရှိထိန်းသိမ်းထားသည့် နေရာမှာ ညောင်ကန်ကျေးရွာနှင့် တစ်မိုင်ခွဲခန့်ဝေးပြီး ရွာသာယာကျေးရွာမှ တစ်ဆင့် အုတ်အိုင်ရွာလမ်းအတိုင်း သွားရောက်ရခြင်းဖြစ်သည်။ ကြေးခေတ်လူသားအရိုးစုရုပ်ကြွင်းများနှင့်အတူ အိုးငယ်လေးများစွာကို တွေ့ရှိရသဖြင့် ထိုခေတ်ကာလက သေဆုံးသူတို့အား မြေမြှုပ်သင်္ဂြိုဟ်ရာတွင် တမလွန် စားနပ်ရိက္ခာအဖြစ် စားသောက်ဖွယ်ရာ စားမြိန်အိုးများကိုပါ ထည့်သွင်းမြှုပ်နှံပေးကြသည့် ဓလေ့ရှိခဲ့သည်ဟု ယူဆရပေသည်။ မျက်နှာချင်းဆိုင်ယှဉ်တွဲ မြှုပ်နှံထားသည့် အရိုးစုများနှင့် အပေါ်တစ်ထပ်၊ အောက်တစ်ထပ်ဆင့်၍ မြှုပ်နှံထားသည့် အရိုးစုများကိုလည်း တွေ့သည်။ အရိုးစုများနှင့် အတူ တွေ့ရှိခဲ့သည့် ကြေးလက်နက်ပစ္စည်းများနှင့် ကျောက်ကွင်း၊ ကျောက်ပုတီးစေ့များကိုလည်း ထိန်းသိမ်းထားကြောင်း သိရသည်။ အဆိုပါ ကြေးခေတ်သင်္ချိုင်းနေရာသည် ဒေသခံများက 'တွင်းမတော်'ဟူ၍ ခေါ်ဝေါ်ကြသည့် ချိုင့်ဝှမ်းကြီး၏နှုတ်ခမ်းဝဘေးတွင် တည်ရှိပြီး နာမည်ကျော်တွင်းတောင်နှင့်လည်း များစွာမဝေးကွာလှကြောင်း သိရသည်။ ညောင်ကန်ဒေသရှိ အချို့သောကျေးရွာများတွင် ကွယ်လွန်သူအား မြေမြှုပ်သင်္ဂြိုဟ်သည့်အခါ စားမြိန်စာထည့်သွင်းပေးသည့် အလေ့အထများ ယနေ့ထက်တိုင် ကျန်ရှိနေသေးကြောင်း သိရသည်။

ရှေးမြန်မာမင်းများလက်ထက်က အလွန်ထင်ရှားကျော်ကြားလှပြီး ဘကြီးတော်မင်းနှင့် နန်းမတော်မယ်နုတို့ ကိုးကွယ်ခဲ့သည့် အောင်မြေဘုံစံအုတ်ကျောင်းဆရာတော် ဦးပိုးနှင့်ဦးဗုဓ်တို့သည် ညောင်ကန်ရွာဇာတိ ဆရာတော်ကြီးများဖြစ်ကြသည်။ 'စက္ကိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်ခံ ညောင်ကန်ဆရာတော် ဦးဗုဓ်အား ဖွားမြင်တော်မူခဲ့သည့် အိမ်ဝင်းနေရာကိုလည်း ညောင်ကန်ရွာတွင် ထိန်းသိမ်းထားသည်ကို တွေ့ရသည်။ သမိုင်းဝင်ဒေသဖြစ်သည့် ညောင်ကန်ရွာနှင့် ကြေးခေတ်ယဉ်ကျေးမှုဒေသသို့ ပြည်တွင်းမှ စိတ်ဝင်စားသူများသာမက နိုင်ငံခြားသားများလည်း လာရောက်လေ့လာမှုရှိကြောင်း သိရသည်။ **(နန္ဒာမင်းလွင်)**

မြင်းမူမြို့မှပြည်သူများ သောက်သုံးရေညစ်ညမ်းမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်သင့်

မြင်းမူ ဖေဖော်ဝါရီ ၁၇

မြင်းမူမြို့ ညောင်ဦးဖီးရပ်ကွက်၊ မင်းရဲကျော်စွာရပ်ကွက်၊ ဘုရင့်နောင်ရပ်ကွက်နှင့် အာသောကရပ်ကွက်တို့ရှိ နေအိမ်များမှ ဧရာဝတီမြစ်အတွင်းသို့ အမှိုက်ပစ်သူရှိသကဲ့သို့ လူတော်တော်များများသည် အလွယ်တကူရေကာတာပေါ် အမှိုက်သရိုက်များ၊ အဝတ်စုတ်များ အပါအဝင် အစုတ်၊ အကွဲမှန်သမျှနှင့် စားကြွင်းစားကျန် အပုပ်အသိုးများအား စည်းကမ်းမဲ့ပစ်ခြင်း၊ ရေကာတာပေါ် ဝက်မွေးမြူထားခြင်း၊ ထိုဝက်များ၏ စားကြွင်းစားကျန်များကြောင့် ကြွက်တွင်းများပေါ်များခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။

ရှင်ပင်ရွှေစောလူးဘုရားစောင်းတန်းအဆင်းလမ်းတည့်တည့် ဆိပ်လှေကားပေါ်တွင် အမှိုက်သရိုက်များရှုပ်ပွ ပြန့်ကျဲနေခြင်းကြောင့် ကမ္ဘာလှည့်ခရီးသွားများ မြင်းမူဆိပ်ကမ်းတွင် ဝင်ထွက်သွားလာလျက်ရှိရာ ထိုမြင်ကွင်းကို မြင်တွေ့သွားနိုင်သည်။ ၎င်းလှေကားမှ ရေချိုးဆင်းသူတချို့က အမှိုက်များကို တုတ်တစ်ချောင်းဖြင့် ရှင်းကာသွားလာနေသည်ကို အမှတ်တမဲ့တွေ့လိုက်ရသည်။

ရှင်ပင်သာဒွန်းဦးဘုရားဆိပ် လှေကားထစ်တချို့ ပျက်စီးနေပြီး အမှိုက်များလည်းရှိသည်။ ထိုလှေကားအရှေ့ဘက်ကပ်လျက်တွင် ရေကာတာပေါ် ဝက်မွေးမြူထားသည်။ ယင်းလှေကားမှ ရေချိုးဆင်းသူများ ဝက်ချေး၊ဝက်စာအနံ့များကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။

ယခုကဲ့သို့ စည်းကမ်းမဲ့ ပစ်ထားသော အမှိုက်များသည် ဇူလိုင်၊ ဩဂုတ်လတို့တွင် မြစ်ရေတိုးချိန်၌ ရေထဲမျောပါကုန်သည်။ အမှိုက်ပစ်သူများအား သက်ဆိုင်ရာမှ ထိထိရောက်ရောက် အရေးယူသင့်ကြောင်း ရေးသားလိုက်ရပါသည်။

ကိုကိုနိုင်(မြင်းမူ)

မီးဘေးရှောင်
မလောင်ခင်တား

ရွှေရတုမင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင် မိဘနှစ်ပါးဖြစ်သော **ဦးသန်း-ဒေါ်သောင်း**တို့၏ ၁၈-၂-၂၀၁၃ရက်တွင် ကျရောက်သော ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ဘာသာ၊ သာသနာအကျိုး သယ်ပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းပို့သလိုက်ပါသည်။

သမီးကြီး - မမြင့်မြင့်စန်း

သားများ - ကိုအောင်ဆွေ၊ ကိုအောင်ဆန်း၊ ဒေါက်တာ ကျော်သက်နိုင်၊ ကိုဇော်ဇော်၊
"အောင်သိဒ္ဓိ" နို့ဆီမိသားစု၊ စက်ကွေ့ရပ်၊ မြစ်ငယ်မြို့

SAR PANN AEIN
PRIVATE HIGH SCHOOL
PYIN OO LWIN, MYAN MAR

စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း ၏ ကျေးဇူးတင် ဂုဏ်ပြုမော်ကွန်း

၂၀၁၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာပန်းအိမ် ၏ အစဉ်အလာကို ထိန်းသိမ်းကာ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသူ ၊ ကျောင်းသားများအား (၂၂.၂.၂၀၁၃) ရက်နေ့တွင် ပြင်ဦးလွင်မြို့ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း ရုံးချုပ်၌ အကြိမ်(၂၀)မြောက် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား အဖြစ်ကြီးကျယ်ခမ်းနားစွာ ကျင်းပဂုဏ်ပြုခဲ့ပါသည် ။

ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် ဘာသာစုံဂုဏ်ထူးရှင်(၁၂)ဦးအား ရွှေစင်ရွှေဆွဲပြား တစ်ခုစီ နှင့် အခြား ဂုဏ်ပြုဆုများကိုလည်းကောင်း ၊ ငါးဘာသာဂုဏ်ထူးရှင် (၁၉)ဦး နှင့် လေးဘာသာဂုဏ်ထူးရှင် (၁၅)ဦးတို့အား ရွှေစင်ရွှေရင်ထိုး တစ်ခုစီ နှင့် အခြားဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ် ချီးမြှင့်ခဲ့ပါသည် ။

ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဖိတ်ကြားထားသည့် ဧည့်သည်တော်များ ၊ မိဘ/အုပ်ထိန်းသူများ ၊ ကျောင်းသူ ၊ ကျောင်းသားများ၊ မြင့်မားသော အောင်ချက် နှင့် ဂုဏ်ထူးရှင်များစွာ ရရှိစေရန် သင်ကြားပေးခဲ့သည့် ဘာသာရပ်သင် ဆရာကြီး ၊ဆရာမကြီးများ ၊အနီးကပ်ကြီးကြပ်ပေးခဲ့ကြသည့် အဆောင်မှူးများ၊ လက်ထောက်အဆောင်မှူးများနှင့် စာစစ်နည်းပြ ဆရာ ၊ ဆရာမများ ၊ ရုံးအဖွဲ့ဝင်များ ၊ ဝန်ထမ်းများ ၊ ဆုပေးပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကူညီပေးခဲ့ကြသော ပြင်ဦးလွင်မြို့မှ ဌာနဆိုင်ရာ အကြီးအကဲများ ၊ ပြင်ဦးလွင်ခရိုင် ၊ မြို့နယ် ၊ ရဲစခန်း တို့မှ ရဲတပ်ဖွဲ့ဝင်များ ၊ အခမ်းအနား အစီအစဉ် တင်ဆက်သူများဖြစ်သည့် MRTV - 4 မှ ဒေါ်စမ်းသီတာခင် နှင့် ဒေါ်ကေမိုင်အေး ၊ တေးဂီတ METAL ZONE အဖွဲ့ ၊ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေပေးခဲ့ကြသော တေးသံရှင်ဟဲလေး ၊ဆိုတေး ၊လွှမ်းပိုင် ၊ဟန်ထွန်း၊ လင်းလင်း ၊ ရဲရင့်အောင် ၊ ချစ်သုဝေ ၊ BOBBY SOXER ၊ ရုပ်ရှင်၊ လမင်းဖြူ နှင့်အခြားကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည် ။

ဒေါက်တာကျော်စော+ဒေါ်မေမျိုးမြတ်
စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း
ပြင်ဦးလွင်မြို့ ။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် **မတ်လတန်းခွဲများကို မတ်လ (၁၁) ရက်နေ့**
မေလတန်းခွဲများကို မေလ (၇) ရက်နေ့ စတင်ပါမည် ။

ဖုန်း - ၀၈၅-၂၂၃၉၀၊ ၂၃၃၂၈၊ ၂၁၁၅၀၊ ၂၂၆၃၂၊ ၂၀၄၂၉၊ ၂၉၃၀၀၊ ၂၉၀၀၃၊ ၂၉၃၀၉

သတိမထားလျှင်မှားတတ်သော မြန်မာစာ(၈)

ဖက်နှင့်ဘက်

ဖက်

ဖက် သည် အနက်ရှိသောစကားလုံးဖြစ်၍ **ဘက်** မှာ အနက်မရှိပါ။ သို့ရာတွင် နေရာတိုင်း အနက်စွဲရေးပြီး ရေးသည့်အတိုင်း အသံထွက်ရိုးမရှိပါ။ "ရေးတော့အမှန် ဖတ်တော့အသံ"ဟု ပြောရိုးရှိပါသည်။ အနက်အတိုင်းလိုက်၍ ရေးလျှင် အနက်စွဲအရေး၊ အသံအတိုင်းလိုက်၍ရေးလျှင် အသံစွဲအရေးဟု ဆိုပါသည်။ သို့ဖြစ်ရာ **ဖက်** ကား အနက်စွဲအရေး၊ **ဘက်** ကား အသံစွဲအရေး ဖြစ်ပါသည်။

ဖက် ကို ကြိယာအဖြစ်၊ နာမ်အဖြစ်၊ အရေအတွက် သင်္ချာနှင့်တွဲသုံးသော အရေးအသားအဖြစ် သုံးမျိုး သုံးပါသည်-

၁။ ကြိယာ **ဖက်**

သာဓက။ ။ စုံ **ဖက်**၊ စွက် **ဖက်**၊ **ဖက်** စပ်၊ **ဖက်** တွဲ၊ လိုက် **ဖက်**၊ ယှဉ် **ဖက်**၊ ဆွဲ **ဖက်**၊ တွဲ **ဖက်** စသည်များ။

၂။ နာမ် **ဖက်**

သာဓက။ ။ ကူဖော်လှော်င်**ဖက်**၊ ကြင်ဖော်ကြင်**ဖက်**၊ ဆေးဖော်ကြော**ဖက်**၊ ဆေးဖော်ဝါး**ဖက်**၊ လုပ်ဖော်ကိုင်**ဖက်**၊ သွားဖော်လာ**ဖက်** စသည့် ဖော် **ဖက်** တွဲလုံးများ။

၃။ သင်္ချာတွဲ **ဖက်**

သာဓက။ ။ တစ်**ဖက်** တစ်ချက်၊ နှစ်ဦး နှစ်**ဖက်**၊ သုံး**ဖက်**မြင်၊ လေး**ဖက်**နာ၊ အနားငါး**ဖက်** ပဥ္စဂံ၊ လေးလုံးခြောက်**ဖက်** စသည်များ။

ဖက် အသုံးကို ကာတွန်းဆရာကြီးက ဟာသနှောလျက် ရေးသားထားပုံမှာ မှတ်သားဖွယ်ကောင်းပါသည်။

လုပ်ဖော်ကိုင်**ဖက်**တွေလည်းဖြစ်၊ နှစ်ဦးနှစ်**ဖက်** မိဘတွေကလည်း သဘောတူ၊ စုံ**ဖက်**ပေးလိုက်တော့ တော်တော်လိုက်**ဖက်**တဲ့ ကြင်ဖော်ကြင်**ဖက်** ဖြစ်သွားကြတာပေ့ါ။

ဘက်

ဘက် ကို အရပ်မျက်နှာနှင့်တွဲ၍လည်းကောင်း၊ တည်နေရာနှင့်တွဲ၍လည်းကောင်း၊ သူ၊ ငါ၊ ကျား၊ မ စသည်နှင့်တွဲ၍လည်းကောင်း၊ နာမ်ပုဒ်၏အစ စကားလုံးအဖြစ်လည်းကောင်း အသုံးများပါသည်။

၁။ **အရပ်မျက်နှာနှင့်တွဲသော ဘက်**

သာဓက။ ။ အရှေ့**ဘက်**၊ အနောက်**ဘက်**၊ တောင်**ဘက်**၊ မြောက်**ဘက်**။

၂။ တည်နေရာနှင့်တွဲသော **ဘက်**၊

သာဓက။ ။ အိမ် **ဘက်** မှာ၊ ဈေး **ဘက်** မှာ၊ မြစ် **ဘက်** မှာ၊ ရွာ **ဘက်** မှာ၊ တော **ဘက်** မှာ၊ ဝဲ **ဘက်**၊ ယာ ဘက်၊

၃။ သူ၊ ငါ၊ ကျား၊ မ စသည်နှင့်တွဲသော **ဘက်**။

သာဓက။ ။ သူ့ **ဘက်**၊ ငါ့ **ဘက်**၊ ကိုယ့် **ဘက်**၊ ယောကျ်ား **ဘက်**၊ မိန်းမ **ဘက်**၊ လင် **ဘက်**၊ မယား **ဘက်**၊ အဖေ့ **ဘက်**၊ အမေ့ **ဘက်**၊ ဆရာ့ **ဘက်**၊ တပည့် **ဘက်**။

၄။ နာမ်ပုဒ်၏အစ စကားလုံးနှင့်တွဲသော **ဘက်**၊

သာဓက။ ။ **ဘက်** တန်၊ ဘက် စုံ၊ **ဘက်** ပေါင်းစုံ၊ **ဘက်** လိုက်၊ ဘက် မလိုက်။

ဤတွင် ခြွင်းချက်တစ်ခုရှိပါသည်။ အဖော်အဖက်မှန်သမျှကို ဖော် **ဖက်** ဟု ဖဦးထုပ်နှင့် ရေးသော်လည်း ရဲဘော်ရဲ**ဘက်**၊ တို့ကို ဘ ကုန်း **ဘက်**နှင့် ရေးကြသည်။ အရေးတွင်ကျယ်မှု ခြွင်းချက်ဖြစ်ပါသည်။

ဘက် ကို ကာတွန်းဆရာကြီးက ရေးပြထားပုံမှာလည်း မှတ်သားဖွယ်ဖြစ်ပါသည်။

အရှေ့ **ဘက်** အနောက် **ဘက်**၊ စုံခဲ့ပါပြီဗျာ၊ မဟန်ပါဘူး၊ ခုတော့ တော **ဘက်** မှာ အမေ့ **ဘက်** က ကျန်ခဲ့တဲ့ ခြံကလေးပဲ စိုက်စားတော့မလို့ စိတ်ကူးထားတယ်။

သတိပြုလေ တို့များတွေ

များတွေ

အနည်းမဟုတ်သည့် အရေအတွက် (အများ)ကို အတိအကျမဖော်ပြသော သဘောသက်ရောက်စေလိုလျှင် ဆိုင်ရာ နာမ်နောက်၌ များကို တွဲစပ်ရေးပါသည်။ တစ်ခုမက များပြားသောအရေအတွက်ကို ဖော်ပြလိုခြင်းဖြစ်ပါသည်။ ပြောဟန်တွင် **များ**အစား **တွေ** ကိုသုံးပါသည်။

သာဓက။ ။ -ငါးများသည် ရေထဲ၌ နေကြကုန်၏။ (တစ်ကောင်မက ရှိသမျှငါးကို ဆိုလိုသည်။)

-မိဘပြည်သူ**များ**ကလည်း တစ်တပ်တစ်အား ပါဝင်ကြဖို့ တိုက်တွန်းလိုက်ရပါသည်။

-ငါးကြင်း **တွေ** ဆန်၊ ငါးတန် **တွေ** သောင်ခြေဦးမှာ. . . . . ။

-အိပ်မက်ထဲမှာ ၁၀၀၀ တန် **တွေ** အထပ်လိုက်သုံး၊ တိုက်ကြီး **တွေ** ဆောက်၊ ကားကြီးတွေ စီးသွား. . . . . **များ တွေ** ကိုသုံးရာတွင် အကန့်အသတ်ရှိပါသည်။

၂၅ များ၊ ၁၅၀ များ၊ ၁၀၀ တွေစသည်ဖြင့် ကိန်းဂဏန်းများနှင့် တွဲစပ်မသုံးကြပါ။ နာမ်စားဖြစ်သော ငါ၊ သင်၊ မင်း၊ ကျွန်တော်၊ ကျွန်မ စသည့်နာမ်စားများနှင့် တွဲစပ်မသုံးနိုင်ပါ။ ရန်ကုန်၊ မန္တလေး၊ စစ်တွေ၊ မောင်မောင်၊ မလှ စသော တစ်ဦးတစ်ယောက်တည်းနှင့်သာ သက်ဆိုင်သော နာမ်များနှင့်လည်း တွဲစပ်မသုံးနိုင်ပါ။

မင်း **များ**၊ သင် **များ**၊ ငါ **များ**၊ ကျွန်ုပ် **များ**၊ ကျွန်မ **များ** စသည်မသုံးနိုင်ပါ။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး**တွေ** (သို့မဟုတ် ပဲခူးတိုင်း**များ**)မှာ နေရာကွက်၍ မိုးရွာနိုင်ပါသည်။ (ဤသို့ မှားယွင်းသုံးပါက ပဲခူးတိုင်းဒေသကြီးသည် တစ်တိုင်းမက များပြားစွာရှိနေသည်ဟူသော အဓိပ္ပာယ် သက်ရောက်ပါသည်။ ဤနေရာတွင် **များ/တွေ** အစား **တို့**ကို သုံးသင့်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှာ နေရာကွက်၍ မိုးရွာနိုင်ပါသည်။(ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးဟူသော တိုင်းဒေသကြီးသုံးခုစလုံးတွင် မိုးရွာနိုင်သည်ဟူသော အနက်အဓိပ္ပာယ်ရပါသည်။)

နာမ်တစ်ခုတည်း၊ နာမ်စားဖြစ်သော ငါ၊ မင်း စသည်တို့နှင့် **များ** ကို မတွဲစပ်နိုင်သော်လည်း ခြွင်းချက်ရှိပါသည်။

သာဓက။ ။ ငါများထိပေါက်ရင် ဘယ်လောက်ကောင်းမလဲ။ တူးတူးများ သိရင် သိပ်ဝမ်းသာမှာပဲ။ အာဂျူးဂျူးကိုများ ပြောမိသွားသလား စသည့် အသုံးများရှိပါသည်။ ဤသို့သုံးရာ၌ ဗဟုဝုစ်ကိန်းများ(ငါအများကြီး၊ တူးတူး အများကြီး) ကို ဖော်ပြခြင်းမဟုတ်ဘဲ လေးနက်ခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။

မသင့်လျော်သည့် အများအသုံးအနှုန်းတစ်ခုမှာ "ကျွန်တော်များ" ဖြစ်ပါသည်။ ကျွန်တော်များ အသင်းအနေဖြင့် အားပေးကူညီရန် အသင့်ရှိပါသည်။ မြန်မာလူမျိုး၌ နာမ်စားငါကို မိမိထက်အကြီးအကဲများကို ပြောရာ၌ နှိမ့်ချသောအားဖြင့် "ငါ"အစား "ကျွန်တော်"ဟု ပြောလေ့ရှိပါသည်။ နာမ်စားဖြစ်သော "ငါ"ကို **များ** နှင့်မတွဲနိုင်သကဲ့သို့ ငါနှင့်အဓိပ္ပာယ်တူသော "ကျွန်တော်"ကိုလည်း **များ** နှင့်မတွဲနိုင်ပါ။ "ငါတို့"ပြောသကဲ့သို့ "ကျွန်တော်တို့" ဟူ၍ကား ပြောနိုင်ပါသည်။ နာမ်စားကျွန်တော်နှင့် မတွဲစပ်နိုင်သော **များ** (ကျွန်တော်များ)ကို တွဲစပ်မိသဖြင့် ကျွန်တော်ဆိုသော ဝေါဟာရသည် နာမ်စစ်စစ်ဖြစ်သွားပါသည်။ ဤသို့ဖြစ်လာသဖြင့် "ကျွန်တော်များ"သည် အရှင်သခင်၏ ကျေးတော်ကျွန်တော်များဟု အဓိပ္ပာယ်ဆိုက်ရောက်သွားပါသည်။

တို့

အများအနက်ကိုပြရာ၌ စုပြုံပေါင်းစည်းသောသဘော သက်ရောက်စေလိုလျှင် (အကြွင်းအကျန်မရှိ တပေါင်းတစည်းတည်းဖော်ပြလိုသောအခါ ဆိုင်ရာ နာမ်နောက်၌ **တို့** ကိုတွဲသုံးပါသည်။

သာဓက။ ။ ယောကျ်ား **တို့** တတ်အပ်သောအတတ်ကို သင်ယူပြီးပြီဆိုရာ၌ ယောကျ်ားတို့သည် အရေအတွက်အားဖြင့် နည်းသည် များသည်ဟု မခွဲခြားဘဲ ယောကျ်ားဟူသမျှကို စုခြုံပေါင်းစည်း၍ပြသည်။

အလုံးစုံသောအိပ်မက်ကို သုခမိန် **တို့** အား ပြန်ကြားလေ၏။ သုခမိန်တို့သည်လည်း သုခမိန်အမတ်ကြီး လေးယောက်စလုံးကို စုခြုံပေါင်းစည်းသည့် သဘောကိုပြသည်။

မှတ်သားသင့်သည့် အချက်တစ်ခုမှာ အရေအတွက်ကို အတိအကျဖော်ပြသော ဂဏန်းနောက်၌ **များ** ကို မသုံးနိုင်ပါ။ **တို့** ကိုသာ သုံးနိုင်ပါသည်။

"လူဆိုး ၇၀၀ **တို့** နှင့်"ဟူ၍ စုခြုံပေါင်းစည်းသောအနက်ကို ထင်ရှားစေလိုသောကြောင့် ၇၀၀ ကို **တို့** နှင့်တွဲသုံးပါသည်။

- စန္ဒာ၊ ဇာနည်၊ ရွှေစင်ဝင်း **တို့** အောင်ကြတယ်။
- ရွှေတိဂုံဘုရား၊ မဟာမြတ်မုနိဘုရား **တို့** ကိုဖူးမြော်ချင်ပါတယ်။
- ခြေလေးချောင်းသတ္တဝါ **တို့** တွင် ဆင်သည်အကြီးဆုံးဖြစ်သည်။
- မင်း တို့၊ သင် တို့၊ ငါ **တို့**၊ ကျွန်တော် **တို့**၊ ကျွန်မ **တို့**။
- **တို့** ပြည်၊ **တို့** မြေ။ (ငါ **တို့** ပြည်၊ ငါ **တို့** မြေ။) ဤနေရာ၌ "ငါ"ကျေသော်လည်း "**တို့**"မကျေသည်ကို ထောက်ချင့်ခြင်းဖြင့် **တို့** သည် နာမ်စား (ငါ)ထက်ပင် အရေးကြီးကြောင်း မှတ်သားရပါသည်။ ။

ရွှေခိုင်သိန်း(ဘဏ်)

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများ (ကျောင်းသုံးဖြတ်စ၊ ရိုက်ပျက်၊ Duplex Board ဖြတ်စ၊ ရိုက်ပျက်)တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို ၁၅-၂-၂၀၁၃ရက်မှ ၂၂-၂-၂၀၁၃ ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာများကို ၂၂-၂-၂၀၁၃ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်တင်သွင်းရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၈၊ ၀၆၇-၄၁၂၃၇၄ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အောက်ဖော်ပြပါ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို (နိုင်ငံခြားငွေ)ဖြင့် တင်ဒါခေါ်ဝယ်ယူလိုပါသည်-

(၁) ၆၆ကေဗွီ ကျောက်ဖြူ GT -ကျောက်ဖြူ ဓာတ်အားလိုင်း(၇)မိုင် တည်ဆောက်ခြင်း။

(၂) ၆၆/၁၁ကေဗွီ ၂၀အမ်ဗွီအေ ကျောက်ဖြူ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း။

(၃) ကျောက်ဖြူ GT တွင် Switch Bay (၁)ခု တိုးချဲ့တည်ဆောက်ခြင်း။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၈-၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၄-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ စီမံကိန်းစခန်း၊ ရန်ကုန်ဆိပ်ကမ်းနှင့်ရန်ကုန်စတိုတို့မှ စီမံကိန်းနေရာများသို့ ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၈-၂-၂၀၁၃ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၂၀-၂-၂၀၁၃ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

ချင်းအမျိုးသားနေ့တက်ရောက်ပါရန် ဖိတ်ကြားခြင်း

၂၀-၂-၂၀၁၃ရက်တွင် ကျရောက်မည့် (၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	- ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန်	- ညနေ ၆ နာရီမှ ည ၁၀ နာရီ
ကျင်းပမည့်နေရာ	- အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) National Landmark Garden
ဖျော်ဖြေရေးအစီအစဉ်	- ချင်းရိုးရာအကများ၊ Straight Line တေးဂီတ
ဧည့်ခံရေးအစီအစဉ်	- ချင်းရိုးရာအစားအစာ
ဆက်သွယ်ရန်ဖုန်း	- ၀၉ ၄၉၃၁၉၉၀၄၊ ၀၉ ၄၄၈၅၃၅၀၉၀၊ ၀၉ ၄၄၈၅၄၈၇၈၅၊ ၀၉ ၄၉၂၈၉၆၅၂၊ ၀၉ ၄၉၂၂၀၁၈၄

ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း

တိုးမြှင့်ပင်စင်ခံစားခွင့်ရှိပြီး ဆက်သွယ် လျှောက်ထားခြင်းမရှိသေးသော မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ ဝန်ထမ်းများနှင့် ယခင်ကုန်သွယ်ရေး (၂၀)၊ ကုန်သွယ်ရေး (၄)၊ ဟိုတယ်နှင့် ခရီးသွားလာရေးကော်ပိုရေးရှင်းတို့မှ ပင်စင်စားများသည် ပင်စင်ငွေပေးဌာနစိတ် (အမှတ် ၄၀/၄၂)၊ ဗိုလ်ဆွန်ပက်လမ်း၊ ရန်ကုန်မြို့သို့ အမြန်ဆုံးလာရောက်ဆက်သွယ်ကြပါရန် နှိုးဆော်အကြောင်းကြားပါသည်။

ပန်းချီသင်တန်း
၀၉-၃၃၂၅၃၃၁၃

သဘာဝအချိုရည်၊ ဂျယ်လီ၊ သစ်သီးယို၊ ရေခဲမုန့်၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း

1	21.2.13	27.2.13	3	1.3.13	7.3.13	(FDA)
2	25.2.13	3.3.13	4	5.3.13	11.3.13	

ROYAL SUN
01-212651, 09-49308462

FAME
Biogurt®
Probiotic supplement
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Nature C®
Natural vitamin C supplement
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ES4E SUMMER SCHOOL
(March to May 2013)
Enrol Now!
☎ 662970, 663820, 662937
51, Kaba Aye Pagoda Road, Yankin Tsp.

အသန်းဆက်ဝတ္ထု

ဂနိုင်ကြော့



(ယမန်နေ့မှအဆက်)

မောင်ဘချိုသည် သူတို့လက်မှ မယ်ထားထင်မှတ်သဖြင့် လူမှား၍ကယ်လာသော သူငယ်မမှာ ချင်းတောင်သို့ အလုပ်ဝတ္တရားကျရောက်သဖြင့် လာရောက်စဖြစ်သော ရာဇဝတ်ဝန်ထောက်မင်း၏သမီး မခင်အေးကို ကယ်မိလျက်ဖြစ်နေသောကြောင့် ဝန်ထောက်ကြီးမှာ သမီးကို လိုက်လံရှာဖွေနေရာက မောင်ဘချိုကယ်ဆယ်လာသည်ကို တွေ့ရသောအခါ အထူးကျေးဇူးတင်လျက် မောင်ဘချိုအား ပခုက္ကူမြို့သို့ ပြန်၍ခေါ်သွားပြီးလျှင် လူမှန်းမသိ မြောတင်နေအောင် အားကုန်ခန်း၍ဖျားသည်ကို ဆေးရုံသို့တင်၍ ကောင်းစွာကုသသဖြင့် မောင်ဘချိုမှာ လေးငါးရက်မျှနှင့် ကောင်းစွာမာ၍ လာလေ၏။

ထိုအခါ ဝန်ထောက်ကြီးက မောင်ဘချိုအား အိမ်သို့ခေါ်ကာ ကောင်းစွာကျွေးမွေးလျက် နေရာဒေသ အမိအဖ အမည်နာမများကိုမေးရာ မောင်ဘချိုလည်း မိမိဖြစ်ပျက်လာခဲ့သမျှတို့ကို အကုန်အစင်ပြန်ပြောင်းပြော၍ လိုက်လံရှာဖွေလိုကြောင်း ပြောပြလေ၏။ ထိုအခါ ဝန်ထောက်ကြီးက ကျေးဇူးဆပ်လိုသဖြင့် မောင်ဘချိုအားကောင်းစွာ ရှာဖွေစေနိုင်ရန် ချင်းတောင်ပုလိပ်အမှုကိုထမ်းစေ၍ ချင်းတောင်နယ်ကို ကြည့်ရှုစောင့်ရှောက်ရသည့်ဘက်သို့ လွှဲပေးထားလေ၏။

ဤသို့ လွှဲပေးလိုက်လျှင် မောင်ဘချိုသည် သေနတ်တစ်လက်မြင်းတစ်ကောင်နှင့် တောကြိုအုံကြား အနှံ့အပြား သွားရောက်ရှာဖွေလေ၏။ မရောက်သောရွာ၊ မရောက်သောတော၊ မရောက်သောတောင်ဟူ၍ မရှိ၊ ရောက်ပြန်လျှင်လည်း ခြေရာချင်းထပ်အောင် မွှေပတ်ရှာလေ၏။ ဤသို့ရှာရင်းပင်လည်း အစိုးရများ အလိုရှိအပ်သော ရာဇဝတ်သား ဝရမ်းပြေး စသည်တို့ကို မကြာခဏမိသောကြောင့် တစ်နှစ်ခန့်မျှ လောက်ကြာလျှင် အစိုးရများက အလုပ်ကောင်းသည်ဟု ပုလိပ်အမှုထမ်းမှ ရာဇဝတ်အုပ်၊ ရာဇဝတ်အုပ်ကလေးမှ ပထမတန်း ရာဇဝတ်အုပ်ကြီးသို့တက်၍ ချီးမြှင့်သဖြင့် ဗိုလ်ကြီး ဗိုလ်ကြီးနှင့် အလွန်ကျော်စောထင်ရှားလျက် ရှိ လေ၏။ ဗိုလ်ကြီးဟုဆိုလျှင် ချင်းတောင်တစ်ဝိုက်တွင် မကြားမသိ မတွေ့မမြင်ဖူးသူမရှိ၊ ကလေးသူငယ်မှစ၍ သိကြလေ၏။

ယင်းသို့ ထင်ရှားကျော်စောလျက် ရာထူးတိုးတက်ကြီးမြင့်သည့်တိုင်အောင်လည်း မောင်ဘချိုသည်မရပ်မနား တစ်ရွာမှတစ်ရွာ ကူးသန်းသွားလာလူတွေ့တိုင်း မယ်ထားဆိုတဲ့ သူငယ်မတစ်ယောက်များ မတွေ့ဘူးဖူးလားဟူ၍ မေးမြန်းလျက်သာနေသောကြောင့် ရပ်နားရန် ခွင့်ရက်ပေါင်းများစွာစေ့ရောက်လည်း ရပ်နားသည်မရှိ၍ အထက်လူကြီးများပင် မောင်ဘချိုအား အံ့သြ၍ မတွေးတောနိုင်အောင် ရှိလေ၏။

မောင်ဘချိုမှာကား မယ်ထားကိုသာ အစဉ်တစိုက်ရှာခဲ့သဖြင့် လေးငါးခါမျှ အချို့သောသူတို့က မည်သည့်ရွာတွင် ရှိသည်ဟု ပြောသောကြောင့် ဟုတ်နိုးနိုး လိုက်လံရှာဖွေသော်လည်း မဟုတ်သဖြင့် စိတ်ပျက်ကာသာ ပြန်ခဲ့ရလေ၏။

မုန်းခြင်း၊ ကြောက်ခြင်း၊ ကျေးဇူးတင်ခြင်း၊ သနားခြင်း၊ လွမ်းဆွတ်ခြင်း၊ တမ်းတခြင်း၊ ကွေကွင်းခြင်း၊ နီးကပ်ခြင်း အစရှိသော စိတ်တို့သည်ကား မေတ္တာဓာတ်ကို လှုံ့ဆော်တိုက်တွန်းတတ်သော သတ္တိရှိလေ၏။

ဝန်ထောက်သမီး မခင်အေးကလေးသည် ချင်းတို့လက်သို့ရောက်၍ အလွန်ကြောက်လန့်ခြင်း အသက်ဘေးမှ ကယ်ဆယ်ခဲ့သူ မောင်ဘချိုအား ကျေးဇူးတင်သောဇောနှင့် များစွာခင်မင်မိလေ၏။ ထို့နောက် မောင်ဘချို၏ အကြောင်းအရာ အဖြစ်အပျက်များကို ကြားသိရသောအခါမူကား လွန်စွာသနားလျက် မောင်ဘချိုသည် ကြီးစွာသော လွမ်းဆွတ်တမ်းတခြင်းအားဖြင့် တစ်နေ့တစ်ရက်မျှ မနေမနား တောထဲတောင်ထဲသို့ထွက်၍ ပင်ပန်းကြီးစွာ ရှာလျက် မတွေ့ခဲ့၍ ပြန်လာလျှင် စိတ်ပျက်ပျက်နှင့် လက်မှိုင်ကြီးများချ၍နေသည်များကို မြင်ရသောအခါ မောင်ဘချိုအား သနားကရုဏာဖြစ်လျက် ငါမကယ်နိုင်တကားဟု တွေးကာစိုးရိမ်ခြင်းစိတ်တို့သည် ပေါ်၍လာကုန်လေ၏။ ဤသို့နေလာခဲ့ရာမှ သနားသောစိတ်ဖြင့် မောင်ဘချိုအပေါ်တွင် မေတ္တာသက်ဝင်လာမှန်းမသိ သက်ဝင်ကြင်နာ၍လာသောကြောင့် များစွာပြောဆို၍ စိတ်ကို အဖြေခိုင်းလေ၏။ သို့သော် မောင်ဘချိုမှာမူကား မခင်အေးသည် မိမိအပေါ်၌ ဤကဲ့သို့ အမူပြောင်းလာသည်ကိုမျှ မသိရှိရှာလေ၏။

တစ်ခါတွင် မောင်ဘချိုသည် တောင်ဘက်နယ်တစ်ခွင်ကို လှည့်လည်ရာမှ ပြန်လာရာ စိတ်ပန်းကိုယ်ပန်းဖြစ်သောကြောင့် ပိန်ချုံးနွမ်းရိလျက် လူနှင့်မျှမတူ အိမ်သို့ရောက်သောအခါ စကားမျှမပြောနိုင်၊ ငေးမှိုင်၍နေသည်ကိုသာတွေ့ရသောကြောင့် ဝန်ထောက်ကြီးက "မောင်ဘချိုမင့်မှာ တစ်ခါထက်တစ်ခါဆိုသလို ဆိုးသထက်ဆိုးလာပြီ။ မင်းရှာနေတဲ့ဟာလည်း တွေ့နိုင်မယ်မထင်ဘူး။ တကယ်လို့ရှိသေးရင်လည်း ဒီလောက်မနေမနားရှာရင် တွေ့ရမယ်။ ငါ့စိတ်တော့မရှိဘူးထင်တယ်။ မင့်ကိုယ်ကိုယ်လည်း မင်းသနားပါဦးမှပေါ့၊ ခဏတစ်ဖြုတ်အခွင့်ယူပြီး နားပါဦးလား" စသည်ဖြင့်ပြောပြရာ မောင်ဘချိုမှာ ဝန်ထောက်ကြီးပြောသော စကားသည် ဟုတ်မှန်သည်ဟု လိုက်နာလှလိုသော်လည်း စိတ်ကို ဖြတ်၍မရ၊ တစ်ပါးဘဝက လက်ပြ၍ခေါ်နေသလို ရှိသဖြင့် မသွားပါဘူး၊ ဝန်မခံနိုင်ဘဲ ရှိလေ၏။ သို့သော်လည်း ဝန်ထောက်ကြီး စိတ်ပြေစေရန် တနင်္ဂနွေတစ်ပတ်မျှ ခွင့်ယူ၍ ရပ်နားလေ၏။

မောင်ဘချိုသည် ရှေးအခါက အိမ်တွင်တစ်ရက်တစ်ညမျှပြည့်အောင် မည်သည့်အခါမျှ မနေဖူးသဖြင့် ယခု ခုနစ်ရက်မျှနေမည်ဟု ဆိုသောအခါ မခင်အေးသည် အခါတိုင်းထက် ဂရုစိုက်လျက် ပြုစုကြည့်ရှုကာ မိမိကိုယ်ကိုယ်လည်း အမျိုးမျိုးဆင်သလျက် မောင်ဘချိုစိတ်ပျော်အောင်သာ အားထုတ်၍နေလေ၏။ ဦးစွာပထမ မောင်ဘချို စိတ်မှာ တစ်ရက်တလေလည်းမဟုတ် ခုနစ်ရက်မျှ ဘာမှမလုပ် အေးချမ်းစွာထိုင်နေရမည်ဟုဆိုသော် စိတ်ကိုများစွာ ခဲကြိတ်နေရလိမ့်ဟု ထင်ရသော်လည်း တစ်ရက်မှ နှစ်ရက်၊ နှစ်ရက်မှ သုံးရက်သို့ ရောက်လျှင်ပင် ထင်သကဲ့သို့မဟုတ်၊ မခင်အေးကလေးက အမျိုးမျိုးပြောဆို ရယ်မောပျော်ရွှင်ဖွယ်ရာများကိုသာ လုပ်နေသဖြင့် စဉ်းစားရန်အချိန်မျှ မရကြောင်းကို တွေ့ရ၍ ပျော်သလိုလိုပင်ရှိ၍ လာလေ၏။ ဤကဲ့သို့ ပျော်သလိုရှိ၍ လာသောအခါမှ မောင်ဘချိုသည် မိမိအပေါ်၌ ဤမျှယုယကောင်းမွန်ပေသော မခင်အေးကလေး၏ အမူအရာကို ဂရုတစိုက်ကြည့်မိသဖြင့် စိတ်ထဲတွင် ခါတိုင်းနှင့်မတူကြောင်းကို ရိပ်မိလေ၏။ သို့သော် ရိုးရိုးပင် ထင်မှတ်၍ လိုက်လျောညီစွာနေလေ၏။

ဤသို့နေခဲ့ရာ ခွင့်ရက်ခြောက်ရက်ကုန်သောညတွင် လကလေးကလည်း အလွန်သာသောကြောင့် မောင်ဘချိုသည် အိမ်တံစက်မြိတ်အနီး မှောင်ရိပ်ကင်းရာ လသာထွက်ကလေးတွင် တစ်ယောက်တည်းထိုင်၍ ဆေးလိပ်ကလေးကို တအေးအေးသောက်နေရာ မခင်အေးသည် ဆံထုံးကလေးလျော့ရဲ၊ အင်္ကျီပါးလှပ်လှပ်ကလေးကို ဝတ်လျက် လက်တစ်ဖက်က ယပ်တောင်ကလေးကို ကိုင်ကာ တခတ်ခတ်နှင့်ပေါ်လာ၍ "အိုက်လိုက်တာကိုဘချို. . . လသာသာကလေးမှာ နည်းနည်းအေးတယ်ထင်တယ်"ဟု ဆိုကာအနီးတွင် ထိုင်လေ၏။

မောင်ဘချိုလည်း မခင်အေးအား တစ်ချက်နှစ်ချက်ပြန်၍ ကြည့်ပြီးလျှင် ဘာမျှမပြောဘဲ လကလေးကိုမော်၍ ကြည့်ကာနေလေ၏။ အတန်ကြာလျှင် မခင်အေးက "ကိုဘချို ရေခဲရေသောက်မလား" ဟုမေး၍ အို နေပါစေ၊ နေရာရှာလို့ အအေးသားကပဲ။

"ခင်လည်း သောက်ချင်လို့ပါ. . . မှာလိုက်မယ်နော်"

ဟုဆိုကာ အခိုင်းအစေ သူငယ်မကလေးတစ်ယောက်အား ခေါ်၍ မှာလိုက်လေ၏။ အတန်ကြာလျှင် ဖန်ခွက်နှင့် ရေခဲရေများရောက်လာ၍ သောက်ကြပြီးလျှင် မခင်အေးက " ကိုဘချို နက်ဖြန် ခွင့်ရက်စေ့မယ်ထင်ပါရဲ့"

"ဟုတ်တယ်၊ နက်ဖြန် တစ်ရက်နေရင် စေ့ရောပဲ"

"ရက်စေ့ရင် ကိုဘချိုသွားဦးမလား"

"သွားရမှာပေါ့"

"ခင်တော့ မသွားစေချင်ဘူး၊ ကိုဘချို အေးအေးနေဖို့ကောင်းပြီ။ တောထဲတောင်ထဲ မနေမနားသွားနေတာ အင်မတန်ပင်ပန်းတယ်။မတော်တဆ ကျားတွေ၊ ချင်းတွေနဲ့တွေ့ရင် ဒုက္ခရောက်နေမယ်။ ပြီးတော့ အဖျားအနာကလည်း ထူသနဲ့၊ ကိုဘချိုရယ် လောကကြီးမှာ ဒီမိန်းမတစ်ယောက်ပဲရှိသလား၊ ဒီလောက်ရှာလို့မှ မတွေ့ရင် မတွေ့ပါဘူး"ဟု ဆို၍ မောင်ဘချိုလည်း ရုတ်တရတ် လှည့်ကြည့်လိုက်ရာ မခင်အေးကလေးမှာ မိမိပြောနေသော စကားလွန်နေပြီဖြစ်သောကြောင့် မျက်စိကလေးပြူးတူးပျာတာဖြစ်သွားပြီလျှင် မောင်ဘချိုနှင့်မျက်နှာချင်းမဆိုင်ဝံ့ဘဲ တခြားဘက်သို့လှည့်သွားတာ ခေါင်းကလေးငုံ့နေလေ၏။

ယင်းသို့ မခင်အေး၏ နုလှစွာသော အနုဓာတ်

" မုန်းခြင်း၊ ကြောက်ခြင်း၊ ကျေးဇူးတင်ခြင်း၊ သနားခြင်း၊ လွမ်းဆွတ်ခြင်း၊ တမ်းတခြင်း၊ ကွေကွင်းခြင်း၊ နီးကပ်ခြင်း အစရှိသောစိတ်တို့သည်ကား မေတ္တာဓာတ်ကို လှုံ့ဆော်တိုက်တွန်းတတ်သော သတ္တိရှိလေ၏ "

မေတ္တာရောင်သည် မောင်ဘချို၏ မျက်စိအာရုံကို ရိုက်ခတ်လိုက်လျှင် မောင်ဘချိုမှာ အလိုအလျောက် ရင်ထဲက တလှပ်လှပ်ဖြစ်ကာ သူဆွဲရာသို့ ပါရတော့မည်ကဲ့သို့ဖြစ်လျက် ပွဲဖက်လိုက်ရတော့မလိုလို ဖြစ်နေပြီးမှ ကြွလာသော လက်များကို ရုပ်သိမ်းလိုက်ကာ အတန်ကြာ တွေးတောနေပြီးမှ-

"မခင်အေးတို့ ကိုဘချိုကို ဒီလိုသနားကြင်နာတဲ့ သဘောထားကို အင်မတန်ကျေးဇူးတင်ပါတယ်။ ကိုဘချိုမှာ ဝတ္တရားရှိပါတယ်။ မတွေ့သော်လည်း သေပြီဆိုတဲ့ စကားကို ကြားရရင် ကျေနပ်တာပါပဲ။ အခုတော့ သတင်းသန့်သန့်မှ မကြားရဘဲ လိုက်မရှာနေရင် တကယ်လို့ မသေဘူးရှိသေးတယ်လို့ဆိုက ဝတ္တရားပျက်ရာကျမှာ စိုးရပါတယ်။ နို့ပေမယ့် ဒီလောက်ကြိုးကြိုးပမ်းပမ်းရှာပြီးလို့မှ မတွေ့ရင် ကြားရကြားရ၊ မကြားရ မကြားရ တချို့ဝတ္တရားကုန်လောက်ပါပြီ။ ဒီတစ်ခါပဲသွားတော့မယ်။ ဒီတစ်ခါတော့ဖြင့် တွေ့ရင်လည်းတွေ့၊ မတွေ့လို့ရှိရင်လည်း နေတော့။ နောက်ထပ်မသွားဘူး။ မခင်အေးတို့ စကားနားထောင်ပါ့မယ်"ဟု ဆိုလိုက်မှ မခင်အေးမှာ ဣန္ဒြေဆည်၍ရကာ "သြော် ကိုဘချိုကို သနားလို့ပြောတာပါ။ ရှာလို့တွေ့ရင်တော့ ခင်တို့ဝမ်းသာစရာပေါ့။ အခုတော့ တစ်ခါသွားလည်း မတွေ့၊ နှစ်ခါသွားလည်း မတွေ့နဲ့နေလို့. . မသေမချင်း ရှာပြီးမှာ မဟုတ်မှာစိုးလို့ ပြောတာပါ။ ဒီတစ်ခါတော့ စိတ်ကျေနပ်အောင် ရှာဦး. . . ဒီတစ်ခါ မတွေ့ရင် မသွားပါဘူး မဟုတ်လား"

"အို မသွားပါဘူး၊ အေးအေးနေတော့မယ်"

"အမှန်ပဲနော်"

"အမှန်ပါပဲ" ဟုဆို၍ နေစဉ်မှာပင် အိမ်ပေါ်က ဝန်ထောက်ကြီး ဆင်းလာ၍ "သြော် မောင်ဘချိုတို့ ဒီမှာ ဆင်းနေကြသကိုးကွဲ့၊ နက်ဖြန်တော့ ခွင့်စေ့ရော အလုပ်ဆက်လုပ်မလား၊ ခွင့်ထပ်ယူဦးမလား၊ ဘယ့်နှယ်သဘောရလဲ" ဟု မေးရာ မခင်အေးက "ဖေဖေ"က အစပြု၍ ယခင်မောင်ဘချိုကတိထားသည်များ ပြောပြရာ ဝန်ထောက်ကြီးမှာ ဤတစ်ခါသွားဦးမည်ကိုပင် သဘောမကျသော်လည်း ဤတစ်ခေါက်သာ သွားတော့မည်ဆိုသောကြောင့် များစွာဝမ်းမြောက်ဝမ်းသာရှိလေ၏။

မောင်ဘချိုသည် ဤသို့ အသစ်အသစ်သောအရာများကို တွေ့ကြုံရလျက် တောထဲတောင်ထဲတွင် ပျောက်ပျက်နေသော မယ်ထားအားပင်ပန်းကြီးစွာ ရှာရသည်ကို ဖြတ်၍ မခင်အေးနှင့်ပင် အေးချမ်းသာယာစွာ နေပါတော့မည်ဟု စိတ်ကကြံမိသည်ကို သဘောကျသလိုလို ရှိလေ၏။ ထို့နောက် အသစ်အသစ်တို့ကို စိတ်ကူးလျက် ရှေးဟောင်းနှောင်းဖြစ်တို့ကို တွေးတောကြည့်ရှုလိုက်သော အခါ မည်သို့ပင် ဒုက္ခများသောအရာများဖြစ်စေကာမူ စိတ်၌စွဲကပ်နေသည်ဖြစ်သောကြောင့် ခွဲခွာ၍ မရနိုင်၊ ခွဲခွာပါမည် စိတ်က တင်းလိုက်လျှင် ဝမ်းနည်းဖွယ်ရာများ ပေါ်လာသဖြင့် ငါသည်မခင်အေးကလေးက ဆွဲယူကာမျှသော အာရုံကြောင့် တောထဲတွင် သေမှန်းမသိ ရှင်မှန်းမသိ ကျန်ရစ်ခဲ့သော မယ်ထားကလေးအား မရှာပါဘူးဟု ငြင်းပယ်လိုက်ခြင်းသည် မှားများမှားလေရော့သလားဟု တွေးတောကာ မိမိကိုယ်ကိုယ် အပြစ်တင်မိလေ၏။

ထို့ကြောင့် မောင်ဘချိုသည် နောက်တစ်နေ့တွင်ပင် မခင်အေးကလေး၏ လှပသော ရုပါရုံကလေးသည် နောက်ထပ်ဆွဲယူ၍ မိမိစိတ် မယိမ်းယိုင်နိုင်မီပင် ကပျာကယာမြင်းပြင်၍ထွက်သွားပြန်လေ၏။

"အေအေ တိတ်ပါကွဲ့ ကလေးရယ်၊ အေအေ မမချော့သိပ်မယ်လေ။ အို. . ငိုရပြန်ပြီ။ အေး အေး ဟောဘယ်သူဆိုသလဲ။ တယ်. . ဟဲ့ကလေးကို ဘယ်သူဆိုသလဲ ဟော. . ကြောက်လို့ ထွက်ပြေးပြီ။ ကိုင်း ကိုင်း အိပ်တော့ အိပ်တော့" ဟုဆိုကာ မယ်ထားသည် ကလေးချော့၍ သိပ်နေရင်း ရွာထဲက အုန်းမြိုင်ဆိုသော သူငယ်တစ်ယောက် ရောက်လာပြီးလျှင် "မယ်ထားရေ ညည်းဒီကနေ့ ဘယ်မှ မသွားဘူးလား"

(ဆက်လက်ဖော်ပြပါမည်)

သာကေတမြို့နယ် ၊ ရှခင်းသာလမ်းမကြီး ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ

HTET OO MARITIME TRAINING INSTITUTE

တွင် DMA အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသော ဝါရင့်ရေယာဉ်မှူးအရာရှိအရာခံနှင့် ဆရာများကိုယ်တိုင် ကြီးကြပ်လျက် -

၁။ **Basic Safety Training Course (BST)**

၂။ **Pre-sea Course (Deck)**

တို့ကို စတင်ဖွင့်လှစ်နေပြီဖြစ်သဖြင့် စာရင်းပေးသွင်းနိုင်ပါသည်။ သင်တန်းသားဦးရေ အကန့်အသတ်ရှိပါသဖြင့် လျင်မြန်စွာ စာရင်းပေးသွင်းနိုင်ပါသည်။ သင်္ဘောသား သင်တန်းဆင်း ပြီးပါက အလုပ်အကိုင်ရရှိရေးအတွက် ကူညီဆောင်ရွက် ပေးမည်။

ဆက်သွယ်ရန်လိပ်စာ

သာကေတမြို့နယ် ၊ ရှခင်းသာလမ်းမကြီး ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝင်းအတွင်းရှိ

HTET OO MARITIME TRAINING INSTITUTE

Ph/Fax : 01-544562, Ph: 09 421154222, Email : htetoo.maritime@gmail.com

ရန်ကုန်စက်မှုတက္ကသိုလ်

၁၉၈၇ နှင့် ၁၉၉၁ ခုနှစ် ဘွဲ့ရအင်ဂျင်နီယာများနှင့် ဗိသုကာများ၏

အာစရိယပူဇော်ပွဲကျင်းပမည်

အာစရိယပူဇော်ပွဲကို နှစ်စဉ်ပြုလုပ်နေကျနေ့ရက်ဖြစ်သည့် ၂-၃-၂၀၁၃ ရက် (စနေနေ့)

နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လျှဒါန်းနိုင်ပါသည်။

၁။ ဦးတင်ဦး(Mech)	ဖုန်း-၀၉-၅၀၀၈၉၂၃	၈။ ဦးစိုးမင်း(Metal)	ဖုန်း-၀၉-၂၂၂၅၅၀၁
၂။ ဦးခင်မောင်လွင်(ကြက်တော)(Mech)	ဖုန်း-၀၉-၅၀၀၄၁၈၉	၉။ ဒေါက်တာမျိုးညွန့်(Mining)	ဖုန်း-၀၉-၅၀၉၇၅၇၄
၃။ ဦးကျော်သူအောင်(Ec)	ဖုန်း-၀၉-၅၀၀၀၃၁၈	၁၀။ ဦးညွန့်ဝင်း(Arch)	ဖုန်း-၀၉-၅၁၁၅၆၀၂
၄။ ဒေါ်ခင်စန္ဒာထွန်း(Ec)	ဖုန်း-၀၉၅၀၀၀၇၃၅	၁၁။ ဦးကိုကိုအေး(Civil)	ဖုန်း-၀၉-၅၁၁၉၀၇၀
၅။ ဦးသော်တာ(Ep)	ဖုန်း-၀၉၅၀၁၅၃၈၅	၁၂။ ဦးစန်းကြူ(Civil)	ဖုန်း-၀၉-၅၀၅၂၂၀၀
၆။ ဒေါ်ဌေးဌေး(Textile)	ဖုန်း-၀၉၅၀၄၇၆၄၂	၁၃။ ဦးမြင့်နိုင်(Petrol)	ဖုန်း-၀၉-၄၅၀၀၆၅၇၀၁
၇။ ဦးကျော်စိုးဝင်း(Chemical)	ဖုန်း-၀၉-၅၀၈၁၄၅၁		

(ဖိတ်စာသီးခြားမပို့ပါ။)

မွေးနေ့ဆုမွန်လွှာ

စိုးစံ(လင်း)ကုမ္ပဏီဝန်ထမ်းများ ချစ်ခင်လေးစားရပါသော M.D ဦးအောင်ထွန်း၏ (၁၈. ၂. ၂၀၁၃)နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် ကျန်းမာပျော်ရွှင်စွာဖြင့် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ ပြည့်စုံအောင်မြင်သောဘဝကို ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက် ...

စိုးစံ(လင်း) အိမ်၊ခြံ၊ မြေအကျိုးဆောင်ကုမ္ပဏီမှ ဝန်ထမ်းများ

ဂင်္ဂါမြေ

အိန္ဒိယ–နီပေါ ဘုရားဖူးနှင့်ပြည်တွင်းအဆင့်မြင့်ခရီးစဉ်များ

Promotion (၁၀)ဦးဝယ်လျှင်+(၁)ဦးအခမဲ့

သံဝေဇနီယနှင့်အဝိဇဟိတဌာနများ၊နယူးဒေလီ ၁၅ ရက် (၈)သိန်း

သံဝေဇနီယလေးဌာန၊ဝေသာလီ၊ရာဇဂြိုဟ် ၈ ရက် (၇)သိန်း

မတ်၊ဧပြီတွင်ထွက်ခွာမည့်ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Promotion (၃)ဦးဝယ်လျှင်+(၁)ဦးအခမဲ့

မန္တလေး၊လားရှိုး၊မူဆယ်၊ရွှေလီ	Mar 1/22	(300000)	ကသာ၊ဗန်းမော်၊ မြစ်ကြီးနား၊မန္တလေး	Mar 1/23	(170000)
ထားဝယ်(ရှင်ကိုးရှင်)၊မောင်းမကန်	Mar 1/22	(250000)	တောင်ကြီး၊အင်းလေး	Mar 1/23	(170000)
မြဝတီ၊မဲဆောက်၊ဘားအံ	Mar 1/23	(250000)	ရွှေစက်တော် (အဝတ်စဉ်သောကြာ)		(65000)
ရွှေစက်တော်၊ပုဂံ၊ပုပ္ပါး	Mar 1/23	(170000)	မော်တင်စွန်းဘုရားပွဲ	Mar15/22/25	(70000)

အမှတ်(၁၀၀)၊မြေညီထပ်၊လမ်းသစ်လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

09-73340050, 09-73340051, 09-73340052, 09-420187871, 09-420187872, 09-420187873

Virgin Land Travels & Tours

ရန်ကုန်-သန်လျင် sight seeing	(နေ့ချင်းပြန်)
ပဲခူး / ကျွန်-ဟင်္သာတ	(နေ့ချင်းပြန်)
... / ...	(နေ့ချင်းပြန်)
... / ... / ...	(2D/1N)
... / ... / ...	(2D/1N)
...	(3D/2N)
... / ...	(3D/2N)
ပေလီ	(3D/2N)
...	(4D/3N)
မန္တလေး-...	(4D/3N)
တောင်ကြီး-အင်းလေး-...	(4D/3N)

706, ... 01-8610252, 09-5202643, 09-5123793

United Education Centre

“ မိဘတွေ ဘာလိုချင်တယ်ဆိုတာ ကျွန်ုပ်တို့သိပါတယ် ”

UEC United Education Centre

အဆင့်မြင့် စာသင်ကျောင်းတော်

၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းများ

၂၀၁၃–၂၀၁၄ ပညာသင်နှစ်အတွက်

- ဆေးတက္ကသိုလ် (၁)၊ ရေကြောင်းတက္ကသိုလ် နှင့် ရန်ကုန်တက္ကသိုလ်နယ်မြေများအနီး ပညာရေးဝန်းကျင်၌ တည်ရှိသည်။
- အဆင့်မြင့်နေထိုင်မှု၊ ရင်းနှီးမကွာစောင့်ရှောက်မှု၊ ပြီးပြည့်စုံသောသင်ကြားမှု၊ စဉ်ဆက်မပြတ် Guide များဖြင့် လေ့ကျင့်မှုတို့ကြောင့် မိဘများ၏ “ကျေနပ်ပီတိ” ကို ကျွန်ုပ်တို့ တန်ဖိုးထားသည်။
- ကျယ်ဝန်းသပ်ရပ်သော လုံးချင်းတိုက်များဖြင့် ကျောင်းသား/သူဆောင်သီးသန့်၊ ကစားကွင်းသီးသန့်၊ စာသင်ဆောင်သီးသန့် ထားရှိသည်။
- ကျူရှင်ထပ်ယူစရာမလိုအောင် ပြီးပြည့်စုံသော အလုံးစုံ ဘက်စုံ သင်ကြားရေးစနစ် ဖြစ်သည်။

“ မိဘတွေရဲ့ဆန္ဒ၊ ကလေးတွေရဲ့ဘဝ UEC ကြောင့် ပြည့်ဝရမည် ”

အမှတ် ၄၇၊ စံရိပ်ငြိမ် (၅) လမ်း၊ အင်းစိန်လမ်းမအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

Ph: 01 539875, 09 515 7988, 09 730 65707

တရုတ်

စကားပြောခွံပဲဆိုရင် (တရုတ်)စကားတော်လည်းပြောလို့ရတယ်။ Sayar.Yang

ENGLISH Conversation Practice

Great Wall

TAMWE - 540714, 09 5183636

09 49 285182

ယမင်းသူ

709255,0951 36421

ပျော်

ကတ္တီပါ ကျိန်စာ

တစ်ဦးတည်းဖြစ်ကြောင်း

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။	အုပ်ချုပ်ရေးမှူး/လုပ်ငန်းကြီးကြပ်ရေးမှူး	(ရန်ကုန်၊ မန္တလေး)	ကျား/မ	(၄) ဦး
၂။	စာရင်းကိုင်ကျွမ်းကျင်	(ရန်ကုန်၊ မန္တလေး)	မ	(၂) ဦး
၃။	ရုံးဝန်ထမ်း	(စာရင်းကိုင်/စာရင်းစစ်)	မ	(၅) ဦး
၄။	အရောင်းဝန်ထမ်း(Marketing)		ကျား/မ	(၅) ဦး
၅။	အထွေထွေဝန်ထမ်း (တာယာ၊ ဘက်ထရီ ဖြုတ်/တပ် ကျွမ်းကျင်သူ)		(ကျား)	(၁၀) ဦး
၆။	ယာဉ်မောင်း		ကျား	(၅) ဦး
၇။	ညစောင့်		ကျား	(၅) ဦး

- အမှတ်စဉ်(၁)အတွက် လျှောက်ထားသူများသည် ဘွဲ့ရပြီးသူ ဖြစ်ရမည်။
- အမှတ်စဉ်(၂)အတွက် လျှောက်ထားသူများသည် B.Com ဘွဲ့ရ၍ LCCI Level(III)ပြီးသူ ဖြစ်ရမည်။ လုပ်သက်အနည်းဆုံး(၅)နှစ်ရှိရမည်။ အမှတ်စဉ်(၁၊ ၂၊ ၇)အတွက် အသက်(၃၀)မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အမှတ်စဉ်(၃၊၄)အတွက် လျှောက်ထားသူများသည် ၁၀တန်းအောင်(သို့) ဘွဲ့ရပြီးသူဖြစ်ရမည်။ အသက်(၂၀)မှ(၂၅)နှစ်အတွင်း ဖြစ်ရမည်။
- အမှတ်စဉ်(၅)အတွက် လျှောက်ထားသူများသည် အသက်(၂၀)မှ (၃၀)နှစ်အတွင်း ဖြစ်ရမည်။
- အမှတ်စဉ်(၆)အတွက် ယာဉ်မောင်းလျှောက်ထားသူများသည် အနည်းဆုံး ယာဉ်မောင်းသက်တမ်း (၂)နှစ်ရှိရမည်။ နယ်ဝေးကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ လစာကောင်းကောင်းပေးမည်။

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လျှောက်ထားသူများသည် လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ မျှော်မှန်းလစာကို ဖော်ပြနိုင်သည်။ အလုပ်သမားမှတ်ပုံတင်မူရင်း၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့်အတူ လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် ။ ဝင်းဘက်ထရီနှင့်တာယာရောင်းဝယ်ရေး
အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(တော်ဝင်နှင်းဆီခြံအနီး)

Eastern Princess Travels & Tours

ရန်ကုန် – ဘန်ကောက် – ပတ္တရား – အယုဒ္ဓယ (၆) ရက်/(၅)ည

March : 9,26 (USD-650)

(Dream World, Safari World, Dinner Cruise, Tiger Show, Crocodile Show, Alcaza Show, Coral Island, Nong Nooch Garden, Bangkok Shopping)

ရန်ကုန် – စင်ကာပူ – မလေးရှား (၆) ရက်/(၅)ည

March : 16,26 (USD-1170)

(Universal Studio, Genting, Kualalumpur, Sunway Lagoon, Singapore-Malaysia Shopping)

No.(156/158), Room (104), 1st Floor, 34th Street, Kyauktada Tsp; Yangon.
Contact : 249739, 09-73161721 မန္တလေးမြို့တွင်ဆက်သွယ်ရန် - 09 2005756, 09 91001119

စေတနာဂုဏ်ထူး

(၉၁၀)တန်း

စာသင်/စာကျက် ဝိုင်း နှင့် ဘော်ဒါ

တိုက်(116/1)၊ ... လမ်း(လယ်)၊ ...

Ph: 09 731 21329, 09 5402665, 09 73251430

MIC Myanmar Imperial College

(ပြည်တွင်း၌သာခန့်ထားရန်)

■ Academic Head

(MBA)(MSc)(PhD) ရရှိပြီး လုပ်သက် ၁၀ နှစ်နှင့် အထက်ရှိသူဖြစ်ပြီး အသက် ၃၅ နှစ် နှင့် အထက် ရှိသူဖြစ်ရမည်။

■ Lecturers (Business/Media/English)

(Bachelor)(Master) ရရှိပြီး ကျောင်းသားများ၏ ပညာရေးတိုးတက်မှုကို အဓိက ဦးစားပေး၍ ... ဆောင်ရွက်လိုစိတ်ရှိသူဖြစ်ရမည်။

■ Operation Manager

တက္ကသိုလ်ဘွဲ့ရရှိပြီး ပညာရေးလုပ်ငန်း နယ်ပယ်တွင် လုပ်သက် (၅) နှစ်နှင့် အထက်ရှိရမည်။ ... နှင့် operation management ကောင်းမွန်ရမည်။

■ Accountant

B.com,CPA,ACCA (သို့) နိုင်ငံတကာအသိအမှတ်ပြု Diploma ရှိထားပြီး လုပ်သက် (၂) နှစ်နှင့် အထက်ရှိရမည်။

■ Course Consultant

တက္ကသိုလ်ဘွဲ့ရရှိပြီး စီးပွားရေးနှင့် ပတ်သက်သော Dip/Adv ရှိသူ ဦးစားပေးမည်။

■ Receptionist/Office Staff

တက္ကသိုလ်ဘွဲ့ ခရုရှိထားပြီး အပြုအမူယဉ်ကျေးဖြင့် ... ဆောင်ရွက်လိုစိတ် ရှိသူဖြစ်ရမည်။

စိတ်ဝင်စားသူများအနေဖြင့် (Unique Life Co.Ltd) MIC - (No.62/C),Inya Road,Yangon,သို့ CV Form ၊ အလုပ်သမားမှတ်ပုံတင်နှင့်အတူ 25.02.2013 နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကြေညာချက်(၄/၂၀၁၂)

နေပြည်တော်၊ ၁၃၇၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်
(၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

အကြောင်းအရာ။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများ စာရင်းရှင်းလင်းပြန်လည်ထုတ်ယူရန်ကိစ္စ။

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် အဆိုပြုလွှာများကိုလက်ခံ၍ ခွင့်ပြုမိန့်များထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာများတင်သွင်းနိုင်ရန် ၂၀၀၀ ပြည့်နှစ်မှစ၍ ကြေညာချက်များဖြင့် သတင်းစာတွင်ထည့်သွင်းဖော်ပြ၍ အဆိုပြုလွှာများ ခေါ်ယူခဲ့ပါသည်။

၃။ ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင်လည်းကောင်း၊သတ်မှတ်လုပ်ကွက်(အသစ်)၊ ဖော်ထုတ်လုပ်ကွက်(အသစ်)များကိုလျှောက်ထားရာတွင်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းရှင်များထံမှ အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ(Deposit)ငွေကျပ် တစ်သိန်းစီကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက လက်ခံခဲ့ပြီး ကျောက်မျက်ရတနာဥပဒေများနှင့်အညီ အဆိုပြုလွှာများကို လက်ခံခဲ့ပါသည်။

၄။ လုပ်ငန်းရှင်များက ပေးသွင်းခဲ့သော အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ အာမခံစပေါ်ငွေပေးသွင်းရေး၊ သတ်မှတ်ထားသည့်ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသော လုပ်ကွက်များအတွက် စပေါ်ငွေများကို ခုနှိမ်ပေးသွင်းခြင်း၊ လုပ်ကိုင်ခွင့်မရရှိသော လုပ်ကွက်များအတွက် အာမခံစပေါ်ငွေများ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ခွင့်ပြုသည့်ကာလအတွင်း လာရောက်ဆက်သွယ်မှုမပြုခြင်း၊ သတ်မှတ်ကာလအတွင်း အဆိုပြု ငွေပေးသွင်းရန်ပျက်ကွက်ခြင်း၊ တင်သွင်းထားသော အဆိုပြုလွှာ၊ လျှောက်လွှာများကို ပယ်ဖျက်ခွင့်တင်ပြခြင်း၊ ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်သော လုပ်ကွက်များအတွက် လုပ်ငန်းရှင်မှ တစ်စုံတစ်ရာပြန်ကြားခြင်းမပြုဘဲ လူကိုယ်တိုင်လာရောက်ဆက်သွယ်မှုမပြုခြင်း တို့အတွက် ပေးသွင်းထားသော အာမခံစပေါ်ငွေများကို ဥပဒေ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းခဲ့ပါသည်။

၅။ အောက်ဖော်ပြပါ ကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ ရရန်၊ ပေးရန်များ ကျန်ရှိပါသည်-

(က) ၂၀၀၅ ခုနှစ် ကြေညာချက် ၂/၂၀၀၅၊ ၃/၂၀၀၅၊ ၄/၂၀၀၅၊ ၅/၂၀၀၅၊ ၆/၂၀၀၅
(ခ) ၂၀၀၆ ခုနှစ် ကြေညာချက် ၁/၂၀၀၆၊ ၂/၂၀၀၆၊ ၄/၂၀၀၆၊ ၅/၂၀၀၆
(ဂ) ၂၀၀၇ ခုနှစ် ကြေညာချက် ၁/၂၀၀၇၊ ၂/၂၀၀၇၊ ၃/၂၀၀၇၊ ၄/၂၀၀၇၊ ၅/၂၀၀၇၊ ၆/၂၀၀၇
(ဃ) ၂၀၀၈ ခုနှစ် ကြေညာချက် ၁/၂၀၀၈၊ ၂/၂၀၀၈၊ ၃/၂၀၀၈၊ ၄/၂၀၀၈၊ ၅/၂၀၀၈၊ ၆/၂၀၀၈
(င) ၂၀၀၉ ခုနှစ် ကြေညာချက် ၁/၂၀၀၉၊ ၂/၂၀၀၉၊ ၄/၂၀၀၉၊ ၅/၂၀၀၉၊ ၆/၂၀၀၉
(စ) ၂၀၁၀ ပြည့်နှစ် ကြေညာချက် ၁/၂၀၁၀၊ ၂/၂၀၁၀

၆။ အထက်အပိုဒ်(၅)ပါ ကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ ရရန်၊ ပေးရန်ရှိသည်များကို သက်ဆိုင်ရာ လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ မတ်လ ၃၁ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အပြန်ဆုံးစာရင်းရှင်းလင်းဆောင်ရွက်ကြရန်နှင့် အကယ်၍ လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ စာရင်းရှင်းလင်းခြင်းမပြုပါက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

WISE (Weiluwun International) မတ်(၉)ရက်
တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရရန်ရည်မှန်းပြီး အပြင်း
အထန်ကြိုးစားနိုင်သူ(၉)ဦးသာ ...

ဇဟိုရ်ရစည်ရေကူးကန်
ဇဟိုရ်ရစည်အိမ်ရာ
နွေရာသီကျောင်းပိတ်ရက်ရေကူးသင်တန်းများ

မတ်လ ၃ရက်နေ့စမည်။ သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

သင်တန်းကာလ - ၁လ
သင်တန်းချိန် - နံနက် ၇း၀၀နာရီမှ ၉း၀၀နာရီ
ရေကူးလိုသူများ အောက်ပါအချိန်အတိုင်း ဝင်ကြေးပေး၍ ရေကူးနိုင်ကြပါသည်။
မိသားစု - ၁၀း၀၀ နာရီမှ ၁၂း၀၀နာရီ
အမျိုးသမီးသီးသန့် - ၁၂း၃၀ နာရီမှ ၂း၃၀နာရီ
အမျိုးသမီး၊ အမျိုးသား - ၃း၃၀ နာရီမှ ၅း၃၀နာရီ
သီးသန့်ရေကူးသင်လိုသူများဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဇဟိုရ်ရစည်ရေကူးကန်
ဇဟိုရ်ရစည်အိမ်ရာဝင်း၊ လမ်းမတော်မြို့နယ်
ဖုန်း-၀၉-၅၁၁၄၆၂၉၊ ၀၉-၄၉၂၁၇၀၇၅

EMERALD MYANMAR Travels & Tours
ဟောင်ကြီး–အင်းလေး–ပင်းတယ–တလော
Ph: 09-49589762
09-49589764
09-421013989
09-421014899
Mar. 1

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ၁၉၇၂-၇၇ခုနှစ်
ရူပဗေဒကျောင်းသူ/သားများ၏ ၂၀၁၃ခုနှစ်
အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

၁၉၇၂-၇၇ကျောင်းသား၊ ကျောင်းသူများ၏ (၁၃)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများအားလုံး ပါဝင်ကုသိုလ်ယူဆင်နွှဲကြပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀နာရီ
နေရာ - တက္ကသိုလ်များဓမ္မာရုံ၊ ရန်ကုန်မြို့

ဦးဇော်လင်း	ဦးမြင့်ဝင်း	ဦးခင်မင်း	ဦးချစ်စိန်
၀၉၈၆၃၅၃၉၇	၀၉၅၀၈၆၉၇၇	၀၉၇၃၁၃၅၇၄၃	၀၉၅၁၆၈၃၅၈

“ရွှေအိမ် (ကြယ်စင်)”မှ ရောင်းမည်။

၁။ဗဟန်း၊ကမ္ဘာ့အေးရိပ်သာ(0.33ဧက)	မြေ	1Sqft 3L
၂။ဗဟန်း၊ရွှေတောင်ကုန်း(40x100)တိုက်သစ်	3RC	15000L
၃။အောင်မြေသာစည်အိမ်ရာ(7200Sqft)∠မြ	မြေ	8000L
၄။သုမင်္ဂလာအိမ်ရာ (70x115)	မြေ	6500L
၅။လှိုင်၊အေးရိပ်မွန် (80x100)	2RC	5500L
၆။မရမ်းကုန်း၊ရွှေနှင်းဆီ (40x90) Ph	2BN	5500L
၇။မရမ်းကုန်း၊Junction-8 အနီး (50x100)	မြေ	4800L
၈။အင်းစိန်လမ်းမပေါ်(1800Sqft) အုတ်ခံ	မြေ	3800L
၉။မရမ်း၊အောင်သိဒ္ဓိ(60x80) အုတ်ခံ,∠မြ	မြေ	3600L
၁၀။ကျိုက်ဝိုင်းဘုရားလမ်းသွယ် (70x90)	1RC	3300L
၁၁။ရန်ကင်း၊သစ္စာလမ်းအနီး (42x72)	မြေ	2800L
၁၂။တ/ဥ၊ငွေကြာယံ (40x60)	2BN	2600L
၁၃။သာကေတ၊ရတနာအိမ်ရာ (100x100)	မြေ	2300L
၁၄။ရန်ကင်း၊ပါရမီ (40x60)	မြေ	1900L
၁၅။တ/ဥ၊အင်းဝလမ်း (40x60) အုတ်ခံ	မြေ	1600L
၁၆။လှိုင်၊ပါရမီစိန်ဂေဟာအနီး (25x50)	2BN	1500L
၁၇။မြောက်ဒဂုံ၊တော်ဝင်အိမ်ရာ (100x100)	မြေ	1000L
၁၈။ရန်ကုန်စက်မှုဇုန် (2ဧက)	မြေ	1ဧက 1900L
၁၉။ဝါးတရာစက်မှုဇုန် (2ဧက)	မြေ	1ဧက 900L

☎ - 510600, 510950, 510 940, 500 643, 510760

ဒီယံ၊စတက်ဆီ
ကားမောင်းသင်တန်း

TAXI ရောင်းမည်
CALDINA AA-(CNG)
SUZUKI R+ ညှိနှိုင်း တစ်လက်ကိုင်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၂၉၀၉၊ ၀၉-၅၁၃၃၄၃၂

ရေယာဉ်စားဖိုမှူးနှင့် ရေယာဉ်စားပွဲထိုး ဖြစ်လိုသူများအတွက်
ပို့ဆောင်ရေးဝန်ကြီးဌာန၊
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအသိအမှတ်ပြု
Ships' Cook နှင့် General Steward(GS) သင်တန်းများဖွင့်ပြီ။
(၈) တန်းအောင်မြင်ပြီးသူများအတွက် ဆေးစစ်ဆေးမှု စောင်သည့် ... (CDC) ရရှိသည်အထိ ကူညီဆောင်ရွက်ပေးမည်။ သင်တန်းသား (၂၀) ဦးသာ လက်ခံမည်။ ... (CDC) လျှောက်ထားခွင့်ပြုမည်။ ...
ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် တန်းခွဲသစ်ဖွင့်လှစ်မည်။
သင်တန်းသားများကို ဦးရေလျှော့နည်းစနစ်ဖြင့် စတင်လက်ခံနေပါပြီ။
Asia Masters- Maritime And Hospitality Academy

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ထာဝရအလှူရှင် **ဝဏ္ဏကျော်ထင်ဦးမြင့်သိန်း**[ဒုတိယဝန်ကြီး (ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန]၏ ၁၈-၂-၂၀၁၃ ရက်တွင် ကျရောက်သောမွေးနေ့ရက်မြတ်မှသည် လိုအင်ဆန္ဒများပြည့်ဝပြီး နောင်နှစ်များစွာတိုင် ဘဘချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

ဒေါ်ရှုသ်ဂျွန်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)
ဒေါ်သက်သက်အေး(ကျောင်းအုပ်ဆရာမကြီး)နှင့် ဆရာမများ
အမက(၁၇)၊ အင်းစိန်

KMD Computer Centre
Quality Management System ISO 9001:2008 ထောက်ခံရ
Web Builder Duration: 45 Hours
Web နည်းပညာများကိုအခြေခံမှစ၍လေ့လာချင်သူများ
Web ဒီဇိုင်နာအဖြစ်လုပ်ငန်းခွင်တွင်အလုပ်လုပ်ချင်သူများ
Web Development with PHP
Open Source Language တစ်ခုဖြစ်သည့် PHP အား အသုံးပြု၍ Web Application များရေးသားနိုင်ရန်....
ပြည်တွင်း/ပြည်ပတွင် Web Developer အဖြစ် ရပ်တည်လုပ်ကိုင်နိုင်ရန်....
သင်တန်းပြီးဆုံးပါက မိမိကိုယ်တိုင် Web Application များကို ရေးသားနိုင်ရန် သင်ကြားပေးသွားပါမည်။
Duration: 70 Hours
☎ - ၃၉၁၂၈၆၊ ၃၈၁၁၇၇၆၊ ၃၈၁၁၀၃၅။

ကိုကော်ရှိပ် အလှပြင်
စိတ္တ၊ သိပ္ပံ၊ ဥပဒေ၊ စီးပွားရေး
50% Discount (20000Ks)
ဖုန်း – ၀၉၇၃၁၃၀၃၉၁၃၈

အမှတ်(၈၆)၊ ဖေဖော်ဝါရီ ၂၀၁၃
GOLF MASTERS
Instruction & Equipment Magazine
... Chip ရိုက်နည်း၊ Putting ... Flop shot ရိုက်နည်း၊ ... Callaway နှင့် ... Swing ... Zaykabar Myanmar Open တွင် ... IBTC Open Golf Championship Amateur Winner ...
ထွက်နေပြီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန
သမဝါယမတက္ကသိုလ်(သန်လျင်)
(ပထမ)အကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် ပြင်ဆင်ခြင်း

၁။ သမဝါယမတက္ကသိုလ်(သန်လျင်) ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊ ဘွဲ့စာမေးပွဲ ဖြေဆိုအောင်မြင်ပြီးသူများ၏ (ပထမ)အကြိမ် ဘွဲ့နှင်းသဘင်ကို ၂၅-၂-၂၀၁၃ ရက်နှင့် ၂၆-၂-၂၀၁၃ ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်းကို မြန်မာ့အလင်းသတင်းစာ၌ ၂၇-၁-၂၀၁၃ ရက်တွင်လည်းကောင်း၊ ကြေးမုံသတင်းစာတွင် ၂၆-၁-၂၀၁၃ ရက်များတွင်လည်းကောင်း ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ အဆိုပါဘွဲ့နှင်းသဘင်ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ပြင်ဆင်အသိပေးကြေညာအပ်ပါသည်။

- (က) ဘွဲ့နှင်းသဘင်ကျင်းပခြင်း
  ၁၈-၃-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉ နာရီ
- (ခ) အစမ်းလေ့ကျင့်မည့်အစီအစဉ်
  ၁၇-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်ကြရန် ဖြစ်ပါသည်။ မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည် ဖြစ်ပါသည်။

၄။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာ၊ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုသည့်လက်မှတ်နှင့်ဧည့်လက်မှတ်များကို ၁၁-၃-၂၀၁၃ ရက်မှ ၁၄-၃-၂၀၁၃ ရက်အတွင်း သမဝါယမတက္ကသိုလ်(သန်လျင်) စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ကိုယ်တိုင်လာရောက်ထုတ်ယူရန် ဖြစ်ပါသည်။

သမဝါယမတက္ကသိုလ်(သန်လျင်)၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနခွဲ၊ ဖုန်း-၀၅၆-၂၃၂၅၆

၁၉၉၈-၂၀၀၄ (မော်ဘီ)
လျှပ်စစ်စွမ်းအားအင်ဂျင်နီယာမိသားစုမှ
ကျေးဇူးမှတ်တမ်းတင်ဂုဏ်ပြုလွှာ

မော်ဘီမြို့ နည်းပညာတက္ကသိုလ်၊ လျှပ်စစ်စွမ်းအားမိသားစုမှ ၁၂-၂-၂၀၁၃ရက် မြို့တော်စည်ပင်ဓမ္မာရုံတွင် ကျင်းပသော မြတ်ဆရာကန်တော့ပွဲနှင့် ရွှေရှမ်းကန်မြက်ခင်းပြင်တွင်ပြုလုပ်သော ညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြပါသော ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများနှင့် သူငယ်ချင်းကျောင်းသား၊ ကျောင်းသူဟောင်းများ၊ စိတ်အားထက်သန်စွာ တက်ညီလက်ညီ ကြိုးစားပေးခဲ့ကြသော ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးအဖွဲ့သားများ၊ စိတ်ခွန်အားများပေးပြီး အကြံဉာဏ်များပေးပါသော ရွှေဆရာကြီး ဦးတင်မောင်လွင်၊ ဆရာ၊ ဆရာမများအတွက် နံနက်စာနှင့် လိုအပ်သည်များ ပံ့ပိုးကူညီပေးပါသော ကိုနေလင်းဦး ဗီဒီယိုနှင့်ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးပေးပါသော ကိုဝင်းကိုကိုကျော်နှင့် ကိုအောင်မျိုးထွန်း၊ KCKကြက်ဆီထမင်းမှဝန်ထမ်းများ၊ မြို့တော်စည်ပင်ဓမ္မာရုံမှ တာဝန်ရှိသူများနှင့် ကိုအပ်ချည်၊ ရွှေရှမ်းကန်စားသောက်ဆိုင်မှ ဝန်ထမ်းများ၊ မြတ်ဆရာကန်တော့ပွဲ ဆက်လက်ကျင်းပနိုင်ရေးအတွက် အလှူငွေများစွာ ထည့်ဝင်ပေးကြပါသော ချစ်သူငယ်ချင်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

မြတ်ဆရာကန်တော့ပွဲကျင်းပရေးကော်မတီ

မော်တင်စွန်း(သီးသန့်အခြိုက်)(၂)ရက်သိုး (15/22/25-3-2013)ထွက်မည်။ ၄၀၀၀၀ိ/-
သကြိန်ရွှေစကော်(သီးသန့်)(12/15-4-2013)ထွက်မည်။ (၂)ညအိပ်(၃)ရက်စရိတ်ငြိမ်း ၅၀၀၀၀ိ/- Ph:09 450024419
ရွှေစေတီ

လက်ရှိပြေးဆွဲနေသော 39 CITY BUS ရောင်းမည်
၁။ FUSO ၁စီး
၂။ ISUZU ၁စီး
နေ့စဉ်ပုံမှန်ဝင်ငွေ အနည်းဆုံး(၁)သိန်းရှိသည်။ ဒီနေ့ဝယ်လျှင် ဒီနေ့ သင့်အိမ်စရိတ်ရမည်။
ဖုန်း-၀၉-၄၃၁၇၆၃၂၃၊ ၀၉-၄၃၁၇၆၃၀၃

device Business Management Academy IN COLLABORATION WITH SIBME The Name You Can Trust

The Art of
SALESMANSHIP
"လူတိုင်းဟာ အရောင်းသမား ..."
အောင်မြင်သော အရောင်းသမားကောင်းတစ်ယောက်ဖြစ်ဖို့အတွက် ...
HONORABLE SPEAKER : Prof. Dr. Aung Tun Thet (Senior Advisor - UN Resident Coordinator's Office)
MAIN SPEAKER : U Tin Zan Kyaw (Principal - Device Business Management Academy)
ENROLL NOW!
No. 24/26, 4 B-C, Race Course Condo, South Race Course Street, Tamwe Township, Yangon.
Tel : (+959) 4200 33366~33377 (Hot Line), 4200 33355, 42100 7002, 42100 7005
(+959) 730 45 140, 731 43313 Email : training@devicemyanmar.com

Methodology:
- Workshop
- Case Studies
- Brainstorming Sessions

Contents Outline
- Traits of Successful Sales People
- Everything Begins with Attitude
- Mission Statement & Goal Setting
- Four Components: Mental, Emotional, Spirtual & Physical
- Dealing with fear in sales
- 30-Second Sound-Bite
- Sales Tracking
- Value Adding
- Trust Building
- Handling Customer Objections
- Steps Sales Call Presentation
- Closing the Sales

Venue
Device Executive Hall
Date
23rd~24th February, 2013
Time
8:00 am ~ 5:00 pm

သမားတော် ဦးဘိုကြီး ၏
ရွှေပဒေသာပြည် လုံးချမ်းသာဆေးတိုက် နှင့် ဆေးကုဌာန
ရှမ်းပြည်နယ်မှ အစွမ်းထက်သော မြန်မာ့ဆေးစွမ်းကောင်းများ
နှလုံးဆေး ➢ နှလုံးတုန်ခြင်း၊ နှလုံးစူးခြင်း၊ နှလုံးအောင့်ခြင်း အတွက် နှလုံးဆေး
သွေးတိုးကျဆေး ➢ လေးဖက်နာသောက်ဆေး 0513 YR 002564 1013 YR 002566
အဆီကျဗိုက်ချပ်ပိန်ဆေး ➢ အသည်း တွင်ဖုံးနေသောအဆီများကို ပျော်ကျစေနိုင်သည်။
ထုတ်လုပ်ခွင့်လိုင်စင် - ၈/၂၀၁၁၊ တဆဆလ/တိုး (၀၉၉) ➢ TMR 003077 (0514) ➢ 0513 YR 002153
တိုက်-B၊ အခန်း-၀၀၂၊ ရေတာရှည်လမ်းသစ်၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၂၁၀၆၂၁
ကြော်ငြာခွင့်ပြုချက်အမှတ်-၂၂၀/တဆဝက (စာနယ်ဇင်း) ၀၁၀၁၃ ပင်ရင်း ➢ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

ဂုဏ်ယူဝမ်းမြောက်ခြင်း

Naing Group of Companies ၏
Chairman ဦးဇော်နိုင်ဦးနှင့် Directorဒေါ်မိုးသီတာထွေး
တို့၏ မြေးဦး
ဦးကောင်းမြတ်နှင့် ဒေါ်စုမြတ်နိုးဦး
တို့၏ သမီးဦးရတနာအား

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်(သောကြာနေ့)တွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ အောင်မြင်စွာမွေးဖွားနိုင်ခဲ့ခြင်းအတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ပါကြောင်းနှင့် သမီးကလေး၏ဘဝခရီးတစ်လျှောက်တွင် ဘိုးဘွားမိဘတို့နှင့်အတူ သာယာချမ်းမြေ့စွာဖြင့် အသက်ရာကျော်ရှည်ကာ အောင်မြင်မှုတွေ ရပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Myanmar B2B Management Magazine

ဂုဏ်ယူဝမ်းမြောက်ခြင်း

Naing Group of Companies ၏ Chairman ဦးဇော်နိုင်ဦးနှင့် Director ဒေါ်မိုးသီတာထွေးတို့၏မြေးဦး၊ ဦးကောင်းမြတ်နှင့် ဒေါ်စုမြတ်နိုးဦးတို့၏ သမီးဦး ရတနာလေးအား (၁၅-၂-၂၀၁၃)ရက် သောကြာနေ့တွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီး၌ အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ခြင်းအတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ပါကြောင်းနှင့် သမီးကလေး၏ဘဝခရီးတစ်လျှောက်တွင် ဘိုးဘိုး၊ ဘွားဘွား၊ ဖေဖေ၊ မေမေတို့နှင့် အတူ သာယာချမ်းမြေ့စွာဖြင့် အသက်ရာကျော်ရှည်၍ အောင်မြင်မှုတွေရပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

device Services Company Limited

မီးသတိပြု

မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)
(မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး အဆင့်ဆင့်ရွေးချယ်တင်မြှောက်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့)

၁။ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး ပြန်လည်ဖွဲ့စည်းရေးအတွက် မြို့နယ်အဆင့် ရွေးကောက်ပွဲများကို မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး အဆင့်ဆင့်ရွေးချယ်တင်မြှောက်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘင်ပညာရှင်များ အစည်းအရုံး ရွေးချယ်တင်မြှောက်ပွဲများကို အောက်ဖော်ပြပါရက်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရုံးစိုက်ရာမြို့များ၌ ပြုလုပ်သွားမည် ဖြစ်ပါသည်-

(က)	မန္တလေးတိုင်းဒေသကြီး	၂၂-၂-၂၀၁၃ ရက် (သောကြာနေ့)
(ခ)	စစ်ကိုင်းတိုင်းဒေသကြီး	၂၄-၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
(ဂ)	မကွေးတိုင်းဒေသကြီး	၃-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
(ဃ)	မွန်ပြည်နယ်	၂၄-၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
(င)	ကရင်ပြည်နယ်	၂၅-၂-၂၀၁၃ ရက် (တနင်္လာနေ့)
(စ)	ပဲခူးတိုင်းဒေသကြီး	၂၇-၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
(ဆ)	ဧရာဝတီတိုင်းဒေသကြီး	၃-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
(ဇ)	ရန်ကုန်တိုင်းဒေသကြီး	၇-၃-၂၀၁၃ ရက် (ကြာသပတေးနေ့)

၃။ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ တင်ပြချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ရွေးချယ်ဖွဲ့စည်းပြီးဖြစ်သော မြို့နယ်သဘင်အစည်းအရုံး ဥက္ကဋ္ဌများသည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရွေးချယ်တင်မြှောက်ပွဲများသို့ တက်ရောက်ရွေးချယ်ခံပိုင်ခွင့်နှင့် မဲပေးပိုင်ခွင့်ရှိသည့်အတွက် သတ်မှတ်ရက်များ၌ မပျက်မကွက် တက်ရောက်ကြရန် ဖြစ်ပါသည်။

၅။ စုံစမ်းမေးမြန်းလိုပါက ကြီးကြပ်ရေးအဖွဲ့မှ ဦးကျော်မြင့် ဖုန်း-၀၉-၄၄၈၀၄၄၅၇၉၊ ဦးနေဝင်း ဖုန်း-၀၉-၄၀၂၇၄၅၀၇၅၊ ဦးထိန်ဝင်း ဖုန်း-၀၉-၄၂၂၄၆၆၉၂၂၊ ဦးရဲဒွေး ဖုန်း-၀၉-၅၀၂၁၆၅၃နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဖုန်း-၀၁-၃၇၁၅၂၈ နှင့် ၀၁-၂၅၃၇၇၃ များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးအဖွဲ့

Japan နဲ့ အနောက်နိုင်ငံတွေမှာ ကားပိုင်ရှင်များ သုံးတိုကား ကြံ့ခိုင်ရေးအတွက် ရေးမှတ်တဲ့ MAINTENANCE NOTE BOOK ကို မြန်မာပြည်အခြေအနေနဲ့ သင့်တော်အောင် မှီငြမ်းပြုပြင်ပြီး လွယ်ကူအောင် စီစဉ်ထားပါတယ်။

ထွက်ပြီ

